# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 August 2024 ၁၁၅၄၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

## ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လို

**နေပြည်တော် ဩဂုတ် ၆**

သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

ညှိနှိုင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းနှင့် ကျန်းမာရေး**

ဆောင်းပါး

စာမျက်နှာ » ၆




**ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက် ဆွေးနွေးပွဲ(ပျူအကွာရာနှင့် ပျူစာပေ)ကျင်းပ**

စာမျက်နှာ » ၁၀

**MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်**

စာမျက်နှာ » ၁၁

**တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်များတင်ပို့မှု ယခုနှစ် ပထမ ခုနှစ်လအတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်**

စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး တပ်မတော်နှင့်အတူ လက်တွဲကြိုးပမ်း

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏အခြေအနေကိုကြည့်လျှင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲကို မကျေနပ်သည့် အစွန်းရောက်နိုင်ငံရေးသမားအချို့၏ ဦးဆောင်မှု၊ စည်းရုံးမှု၊ အားပေးမှု၊ ထောက်ပံ့ကူညီမှုဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ နိုင်ငံအနှံ့တွင် ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းတို့သည် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့ထံတွင် စစ်သင်တန်းများ၊ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြသည်။

NCA တွင် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့များနှင့် NCA တွင် လက်မှတ်ရေးထိုးထားသော အချို့ EAO အဖွဲ့တို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းမှစ၍ EAO နယ်မြေသို့ ရောက်ရှိလာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို သင်တန်းများပေးပြီးနောက် မြို့ရွာများတွင် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများပြုလုပ်ပြီး တည်ငြိမ်မှုပျက်ပြားအောင် ပြုလုပ်ခဲ့ကြသည်။ PDF အမည်ခံ အကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေချိန်တွင် EAO အဖွဲ့အချို့သည် ထိုအပေါ်တွင် အခွင့်အရေးအဖြစ်ဖန်တီးပြီး နယ်မြေချဲ့ထွင် သိမ်းပိုက်ရေးကို ပြုလုပ်လာကြသည်။

နိုင်ငံတော်အစိုးရက ၂၀၂၂ ခုနှစ် ဧပြီလတွင် ဖိတ်ခေါ်ခဲ့သည့် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို MNDAA ၊ TNLA ၊ AA အဖွဲ့များက ငြင်းပယ်ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသမှ လုံခြုံရေးစခန်းများနှင့် ချင်းရွှေဟော်မြို့ကို စတင်တိုက်ခိုက်ခဲ့သည်။ MNDAA နှင့် TNLA အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့အချို့အပြင် မန္တလေးတိုင်းဒေသကြီးမှ မိုးကုတ်မြို့နှင့် ယခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် လားရှိုးမြို့ကို တိုက်ခိုက်ခဲ့သည်။

လားရှိုးမြို့ကို တိုက်ခိုက်ရာတွင် မြို့ရွာများအတွင်းရှိ လူနေအိမ်အဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများကို ပစ်မှတ်ထားပြီး အဆင့်မြှင့်တင်ထားသည့် ရှော့တိုက်ဒုံးများ၊ ဒရုန်းဗုံးများနှင့် ပစ်ခတ်တိုက်ခိုက်မှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ဩဂုတ်လ ၂ ရက်နေ့တွင် လားရှိုးမြို့ တပ်မတော်ဆေးရုံကို ဒရုန်းဗုံးများ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများကို သတ်ဖြတ်ခဲ့ပြီး အမျိုးသမီးများ၊ မိသားစုဝင်များ၊ ကလေးသူငယ်များနှင့် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့တိုက်ခိုက်ခဲ့သည် မြို့ရွာဒေသများတွင် ၎င်းတို့လူမျိုးဦးရေ ရာခိုင်နှုန်း အနည်းငယ်သာရှိပြီး ကျန်လူမျိုးအများစုနေထိုင်ကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ၎င်းတို့၏လူမျိုးရေး၊ ဒေသအရေးထက် စစ်ဘုရင်ဝါဒထူထောင်ပြီး နယ်မြေဒေသကျူးကျော်ရေးကို ပြုလုပ်နေသည်မှာထင်ရှားသည်။ AA သောင်းကျန်းသူများမှာလည်း အလားတူပင်ဖြစ်သည်။ ရခိုင်လူမျိုးအများစုနေထိုင်သော ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးစခန်းများကို တိုက်ခိုက်ပြီး ရခိုင်လူမျိုးများ၏ လူမှုစီးပွားဘဝများကို ပျက်စီးအောင်ပြုလုပ်နေသည်။ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ သက်ဆိုးရှည်နေခြင်းသည် မြန်မာနိုင်ငံအား ၎င်းတို့၏ဝါဒကို သွတ်သွင်းလိုသည့် ပြည်ပနိုင်ငံအချို့က လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောကွဲလွဲသူများ၊ အကြမ်းဖက်လမ်းစဉ် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ငွေကြေး၊ အစားအသောက်၊ အဝတ်အထည်ပစ္စည်းများမှအစ လက်နက်ခဲယမ်း၊ နည်းပညာ၊ အုပ်ချုပ်ထောက်ပံ့မှု အခွင့်အလမ်းများပါရရှိအောင် ပံ့ပိုးကူညီပေးလျက်ရှိပြီး ပြည်ဖျက်မီဒီယာများက စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် အားပေးကူညီ ထောက်ပံ့ပေးလျက်ရှိသည်။

ယခုကာလအတွင်း နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် အသက်၊ သွေး၊ ချွေး၊ ရင်းနှီးပေးဆပ်ပြီး ကြိုးစားကာကွယ်ပေးနေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မျိုးချစ်စိတ်ဓာတ်ရှိသည့် ပြည်သူများသည် မြန်မာပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့၊ စောင့်ရှောက်လျက်ရှိသဖြင့် အသိအမှတ်ပြု လေးစားဂုဏ်ပြုရမည်ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးအခြေအနေသည် နက်နဲရှုပ်ထွေးလာသောကြောင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် တပ်မတော်နှင့်အတူလက်တွဲ၍ ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

# International Youth Day

“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး”

“From Clicks To Progress: Youth Digital Pathways
For Sustainable Development”

၁၂ - ၈ -၂၀၂၄ ရက်နေ့ (တနင်္လာနေ့) ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

## လှည်းကူးမြို့နယ်၌ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်တို့က မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်၊ မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲများနှင့် ပျိုးပင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စိုက်ပျိုးပြီး သစ်ပင်များအား သစ်တောဦးစီးဌာနအနေဖြင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသနေပြည်သူများမိမိတို့နေအိမ်၊ ခြံဝင်းအတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်များကို ပိုင်ဆိုင်ခွင့်ရှိ/ မရှိစသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၇၁၇ | ၁၅,၂၇၆,၃၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၄,၄၃၃ | ၁၅,၇၃၇,၁၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၂၄ | ၂၂၃,၂၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၁၁၇ | ၁,၉၅၄,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၃၂၅ | ၁,၄၉၅,၀၀၀ |
| MAEX | ၃,၅၀၀ | ၃,၄၀၀ | ၁,၆၁၀ | ၅,၆၀၉,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်

☆ **ရွှေဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစည်းအဝေးများနှင့် တွေ့ဆုံပွဲများတွင် မကြာခဏ ထည့်သွင်း ပြောကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် အဓိကကျကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုများ အားကောင်းလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ဝါနှင့် ဆီထွက်သီးနှံများကို တိုးတက်အောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း။

**စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရ**

ဆီထွက်သီးနှံနှင့် ပတ်သက်၍ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် ဆီအုန်းများသည် မိမိတို့နိုင်ငံတွင် စိုက်ပျိုး ဖြစ်ထွန်းလျက်ရှိသော်လည်း စားသုံးဆီများကို ပြည်ပမှ နှစ်စဉ် တင်သွင်းနေရကြောင်း၊ မြေပဲနှင့် နှမ်းများကို ဆီအဖြစ် စားသုံးခြင်း၊ ပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ခြင်းနှင့် မိရိုးဖလာ အစားအစာအဖြစ် အသုံးပြုခြင်းများရှိကြောင်း၊ အထွက်နှုန်းများမှာလည်း ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိခြင်းမရှိသောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များမှာ ပိုမိုများပြားလျက်ရှိနေကြောင်း၊ ဆီထုတ်လုပ်ရာတွင်လည်း ဆီကြိတ်စက်များ၏ အရည်အသွေး ကောင်းမွန်ရန်လည်း လိုအပ်ကြောင်း။

အလားတူ နေကြာသည်လည်း ဆီထွက်သီးနှံများတွင် တွက်ခြေကိုက်သည့် ဆီထွက်သီးနှံတစ်ခုဖြစ်သဖြင့် ပန်းတိုင်အထွက်နှုန်း အတိုင်း ထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့်လေးချက်နှင့် စနစ်တကျ ဆောင်ရွက်သွားရန် လိုပြီး စိုက်ပျိုးမှုများ တိုးတက်စေရေး စိုက်ပျိုးတောင်သူများကို အားပေးဆောင်ရွက်သွားရန် လိုကြောင်း၊ နေကြာကို အမှန်တကယ် တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်သွားရန် လိုကြောင်း၊ နေကြာမျိုးများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့် ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများနည်းပါးလျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ်သုံးစွဲလျက်ရှိပြီး ဆီကြမ်းများမှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးကို တစ်ဖက်တစ်လှမ်းမှ အထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ပျားရည်ထုတ်လုပ်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်နှစ်က ဝါစိုက်ပျိုးဧက ငါးသိန်းခန့်ရှိခဲ့သော်လည်း အထွက်နှုန်းနည်းပါးခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဝါမှ ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို)နှင့် ဝါစေ့များထွက်ရှိလာမည်ဖြစ်ပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ကြောင်း၊ ဝါဂွမ်းကိုလည်း ချည်မျှင်ရှည်ဝါများဖြင့် အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက် ဝတ်ရေးကို များစွာ အထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့် ချည်များကို အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လိုကြောင်း၊** ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပြီး ဝင်ငွေများလည်း ပိုမို တိုးတက်လာမည်ဖြစ်ကာ ဝါစိုက်တောင်သူများနှင့် ဝါနှင့် ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်နေသူများ၏ ဘဝများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ခုနစ်သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ဝါစိုက်ပျိုးမှု တိုးတက်ရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေး ကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့် ကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးများလိုအပ်ကြောင်း၊ ယခင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါကလည်း နိုင်ငံတော်မှ ရန်ပုံငွေများ ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးမှုများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နွေစပါး တိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီး စပါး စိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံ စိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း (၄) သွယ်ဖြင့် စိုက်ပျိုး၍ ပန်းတိုင် အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင် အထွက်နှုန်းများအတိုင်း ထွက်ရှိစေရေးတက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

**မွေးမြူရေး**

မွေးမြူရေးနှင့် ပတ်သက်၍ စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသန္တရရှိနေသည့် နွား၊ ဝက်၊ ကြက်နှင့် ဆိတ်များကို မွေးမြူရာတွင်လည်း နည်းစနစ်တကျ မွေးမြူမည်ဆိုပါက အောင်မြင် ဖြစ်ထွန်းနိုင်သည်ကို တွေ့ရကြောင်း၊ အလားတူ အထွက်ကောင်းမျိုးများကိုလည်း မွေးမြူသွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများသည်လည်း ဒေသတွင်း၌ ရရှိနိုင်သည်များရှိကြောင်း၊ စနစ်တကျဖြင့် လှောင်၍မွေးမြူသည့် မွေးမြူရေးလုပ်ငန်းများမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အပြန်အလှန် အကျိုးပြုသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးပြောကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးမီ ဝါဂွမ်းများ ရရှိရေး ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဆီထွက်သီးနှံ နေကြာ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များ၊ နို့စားနွားမွေးမြူမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုအခြေအနေများ၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးက ဝါသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါစိုက်ပျိုးရန် လျာထားမှုအပေါ် သမဝါယမအသင်းများ ဖွဲ့စည်းပြီးစီးမှု အခြေအနေများ၊ သွင်းအားစုများအတွက် လိုအပ်သည့်ငွေကြေးများ ထောက်ပံ့ပေးထားမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးမှုတိုးချဲ့ရေးတွင် လိုအပ်သည့် မျိုးနှင့်သွင်းအားစုများ ရရှိရေး၊ လိုအပ်သည့်ထောက်ပံ့မှုများ ရရှိအောင် ဆောင်ရွက်ပေးထားမှုနှင့် သမဝါယမစနစ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး သမဝါယမစနစ်နှင့် မြစိမ်းရောင်စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ ဝါကြိတ်၊ ချည်မျှင်၊ စက်ရက်ကန်း၊ အထည်အလိပ်၊ ပြည်တွင်း အထည်ချုပ်လုပ်ငန်းများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျံ့နှံ့မှုအခြေအနေများ၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်လုပ်ငန်းများ မှတ်ပုံတင်ထားရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်နိုင်မှု အခြေအနေများ၊ ပြည်တွင်း စားသုံးဆီဖူလုံရေး အတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှု အခြေအနေများ၊ ပြည်တွင်းဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုနှင့် ဖော်ထုတ်ရရှိခဲ့သည့် ရလဒ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ချေးငွေများကို သီးနှံအမျိုးအစားအလိုက် သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ပေးထားလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ပေးထားလျက် ရှိမှုတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၄ သို့ ☆

**☆ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက် ဝတ်ရေးကို များစွာအထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့် ချည်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများ ပိုမိုတိုးတက်လာမည်**

**☆ စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန် လိုကြောင်း၊ နွေစပါး တိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီးစပါး စိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်**

☆ စာမျက်နှာ ၃ မှ

ယင်းနောက် တက်ရောက်လာကြသူများက ဝါနှင့်ပတ်သက်သည့် စက်မှုကုန်ထုတ်လုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များ၊ ဆီထွက်သီးနှံများနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နို့စားနွားမွေးမြူမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး ပြောကြားရာတွင် တင်ပြချက်များအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် အရင်းအနှီးနှင့် စုပေါင်းပြီးဆောင်ရွက်သည့် စနစ်များ လိုအပ်ကြောင်း၊ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း၊ အစုအဖွဲ့များဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အတူတကွ စုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဖြင့် စိုက်ပျိုးပြီး ဆီထွက်သီးနှံများမှ ထွက်ရှိလာသည့် ဆီများကို ဒေသတွင်းအပြင် အခြားပြင်ပ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ရောင်းချပေးနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး သမဝါယမအသင်းအဖွဲ့များ အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ဆီစက်များနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်နှင့် ကုန်ကြမ်းအချိုး ညီမျှရန်လိုကြောင်း၊ လိုအပ်ပါက အရည်အသွေးမြင့်သည့် စက်များရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသာမက ပုဂ္ဂလိကစက်ရုံများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

**ဒေသန္တရမွေးမြူရေးကို ဦးစားပေးဆောင်ရွက်**

မွေးမြူရေးနှင့် ပတ်သက်၍ ဒေသန္တရမွေးမြူရေးကို စနစ်တကျဖြင့် မွေးမြူနိုင်အောင် ဦးစားပေးဆောင်ရွက်သွားရန် လိုကြောင်း၊ အဆိုပါမွေးမြူရေး လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထွက်ရှိလာသည့် ကုန်ကြမ်းများ အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း စုပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ငွေကုန်ကြေးကျ အနည်းဆုံးနှင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တိုင်းပြည်အတွက် အရေးကြီးသည့် အချက်များပင်ဖြစ်ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အမျိုးသားရေးရည်မှန်းချက် တစ်ခုအဖြစ် သတ်မှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းလိုအပ်ချက်နှင့် ပတ်သက်၍ ပြည်တွင်းမှ ထွက်ရှိသည့်နို့များကို အဆင့်မြင့် နို့ထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းနေရမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ကုန်ကြမ်းများ ရရှိအောင်ဆောင်ရွက်ရာတွင်လည်း ဒေသန္တရရှိပြီးဖြစ်သည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးမြင့်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၌ စားရေရိက္ခာများ ပေါများလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံအတွက် အဓိကလိုအပ်သည့် စားသုံးဆီနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားမည်ဆိုပါက အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးဆောင်ရွက်ခဲ့သည်များမှ အရေးကြီးသည့် အချက်အလက်များကို အောက်ခြေအဆင့်အထိ ရောက်သည်အထိ အဆင့်ဆင့်အသိပေး ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ခြင်း၊ စနစ်တကျစိုက်ပျိုးခြင်း၊ မွေးမြူခြင်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယနေ့တွင် ဆွေးနွေးခဲ့သည့် ကဏ္ဍအလိုက် ဖော်ထုတ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်လာကြစေရေး အားပေးကူညီ

**နေပြည်တော် ဩဂုတ် ၆**

မျိုးစေ့ထုတ် လုပ်ငန်းတွင် တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက် လာကြစေရေး အားပေးကူညီလျက်ရှိရာ ယမန်နေ့က ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ တောင်သူ ဒေါ်ဝင်းနွယ်၏ (RS-CS) ဆင်းသုခ စီးပွားဖြစ် မျိုးသန့်မျိုးပွား၊ မျိုးစေ့ထုတ်စိုက်ခင်းနှင့် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ တောင်သူဦးယဉ်ထွေး၏ ဆင်းသုခစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး ဒေသခံတောင်သူများကို သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်သည်။



**ဆွေးနွေးပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီး က တောင်သူများနှင့်တွေ့ဆုံ၍ အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်နိုင်ရေးနှင့် သီးနှံအထွက်နှုန်းမြင့်မားရေးအတွက် မျိုးစေ့၏ အရေးပါမှု၊ လုပ်ကွက်ငယ်တောင်သူများ မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် တိုးတက်ရရှိနိုင်မည့် ဝင်ငွေအကျိုးအမြတ်တို့ကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ သီးထပ်စွမ်းအားတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်မှု အခွင့်အလမ်းများကို အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ကျိုက်လတ်မြို့နယ်ရုံးတွင် ခရိုင်နှင့် မြို့နယ်လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ မိုးစပါးလျာထားချက်ပြည့်မီစေရေး၊ တောင်သူများ ကုန်ကျစရိတ် သက်သာစွာဖြင့် သီးထပ်သီးနှံများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာသုံးစွဲသူများ အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးဖြစ်ထွန်းစေရန် စွမ်းအားကို အပြည့်အဝ အသုံးချနိုင်ရေး၊ လယ်ယာလုပ်သား တစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအား မြှင့်တင်နိုင်ရေး၊ စက်ကိရိယာပြုပြင်ထိန်းသိမ်း အသုံးပြုမှု နည်းပညာပြန့်ပွားရေးအတွက် လက်တွေ့သရုပ်ပြလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများနှင့် ရိတ်သိမ်းခြွေလှေ့စက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခွေ့ဝါလတ်ခန်းမတွင် အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ စာကြည့်တိုက်မှူးများ၊ လူမှုရေးအသင်းအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တက္ကသိုဝင်တန်း ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပေးခဲ့ကြသည့် ဆရာမကြီးများကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ပြီး လူမှုရေးအသင်းအဖွဲ့များ၊ စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ညောင်တုန်းမြို့နယ် ကျုံတမာအုပ်စု ပဲရုံဆိပ်ကျေးရွာရှိ ထိပ်တန်းနို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ နွားစာမြက် နေပီယာ၊ အဲဗားဂရင်း၊ မွန်ဘားစားများ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ပန်းတနော်မြို့နယ် ဥတိုကျေးရွာရှိ ထူးထက်ဟန်ကုမ္ပဏီလီမိတက်၏ အသားတိုးဝက်မွေးမြူရေး လုပ်ငန်းကိုလည်းကောင်းကြည့်ရှုအားပေးပြီး အစားအစာ ဘေးကင်းလုံခြုံရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ပန်းတနော် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအား ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အိုးဘို-ချောင်းကလေးလမ်းပေါ်ရှိ ကျုံပတောချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပိန်းချောင်း-ဇရပ်လှကြီး - စံကျ- အစုကြီးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**





# ကျောင်းအုပ်ကြီးဖလား မိုးရာသီ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၏ ၂၀၂၄ ခုနှစ် မိုးရာသီ ကျောင်းအုပ်ကြီးဖလား အဆောင်လိုက် ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၅ ရက်အထိကျင်းပပြီး ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း အားကစားကွင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် အသင်းများကို တံခွန်စိုက် ဆုဖလားနှင့် ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေထံ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်က ၎င်း၏ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး (Country Director) နှင့် ကိုယ်စားလှယ် (Representative) အသစ် Ms. Sara Austin Netzer က ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**မေးမြန်းဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ နိုင်ငံရေး ပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်များ ခွင့်ပြုလျက်ရှိသည့် အခြေအနေနှင့် စိစစ်ဆောင်ရွက်နေသည့်အခြေအနေ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုများ၊ မြန်မာ အီလက်ထရွန်နစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေး ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည်။



အဆိုပါ (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ဩဂုတ် ၈ ရက်တွင် (၁၆)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် လုပ်ငန်းသုံးသပ်ခြင်း အစည်းအဝေးနှင့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုပေးပွဲ အခမ်းအနားများကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် (၁၆) ကြိမ်မြောက် အာဆီယံကျန်းမာရေး ဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများဖြစ်သော (၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများအစည်းအဝေး နှင့် အာဆီယံ-အမေရိကန် ကျန်းမာရေးဝန်ကြီးများ အထူးအစည်းအဝေး များကိုလည်းကောင်း တက်ရောက်မည်ဖြစ်ပြီး အဆိုပါအစည်းအဝေးများတွင် အာဆီယံဒေသတွင်းနိုင်ငံများ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံ ၂၀၂၅ အလွန် ကျန်းမာရေးဦးစားပေးကဏ္ဍရပ်များ သတ်မှတ်ခြင်း၊ ကမ္ဘာ့ကပ်ရောဂါအလွန် ကျန်းမာရေးစနစ် စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် Digital နည်းပညာအား တိုးမြှင့်အသုံးပြုခြင်း အစရှိသောခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများပြုလုပ်

**သထုံ ဩဂုတ် ၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ဘုရားကြီးတောင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေး ဟောပြောခြင်း၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ဘုရားကြီးတောင်ဘက် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေများ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ဖတ်ရှုကာ စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


# ကိုယ်အလေးချိန်ထိန်းသိမ်းခြင်းနှင့် ကျန်းမာရေး

ဒေါက်တာဇေယျာဝင်း

သင့်ကိုယ်ခန္ဓာအလေးချိန်ဟာ သင့်ကျန်းမာရေးကို များစွာသက်ရောက်မှု ရှိစေနိုင်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအသောက်ပုံစံနဲ့ လေ့ကျင့်ခန်းပြုလုပ်ခြင်း စတဲ့ အလေ့အထတွေဟာ ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းနိုင်ရုံတင်မကဘဲ နှလုံးကျန်းမာရေး၊ အရိုးအဆစ်ကျန်းမာရေး၊ အဆုတ်ကျန်းမာရေး စတာတွေအတွက် တိုးတက်ကောင်းမွန်တဲ့ရလဒ်တွေကို ရစေပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စာရင်းတွေအရ ၂၀၂၂ ခုနှစ်မှာ လူရှစ်ဦးအနက် တစ်ဦးဟာ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက်ပိုများနေကြောင်း၊ လူဦးရေသန်း ၈၉၀ ခန့်က အဝလွန်ရောဂါခံစားနေရကြောင်း၊ ၁၉၉၀ ပြည့်နှစ်နဲ့ နှိုင်းယှဉ်ရင် ကမ္ဘာပေါ်မှာ အဝလွန်သူဦးရေ နှစ်ဆတိုးပွားလာကြောင်း သိရှိရပါတယ်။ ရှိသင့်တဲ့ကိုယ်အလေးချိန်ထက် များခြင်းနဲ့ အဝလွန်ခြင်းကြောင့် တစ်ဆက်တစ်စပ်တည်းအနေနဲ့ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာရောဂါတွေအပြင် စိတ်ကျရောဂါ စသဖြင့် ဖြစ်ပွားစေနိုင်ပါတယ်။ ဒါကြောင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းကို မဖြစ်မနေ ဆောင်ရွက်သင့်ပါတယ်။

ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းဆိုင်ရာ နေထိုင်စားသောက်မှုပုံစံနဲ့ ပတ်သက်လို့ အစဉ်အမြဲ သိပ္ပံနည်းကျ သုတေသနပြုလုပ်မှုတွေ လုပ်ဆောင်နေပြီး တွေ့ရှိချက်တွေကလည်း အစဉ်တိုးတက်ပြောင်းလဲနေပါတယ်။ သိပ္ပံနည်းကျ တွေ့ရှိချက်တွေကို အခြေခံမှလည်း မှန်ကန်တဲ့ အကျိုးကျေးဇူးတွေကို ခံစားရနိုင်မှာပါ။ လေ့လာတွေ့ရှိချက်တွေအရ ကိုယ်အလေးချိန်ထိန်းသိမ်းမှုဆိုင်ရာ အချက်အလက်အချို့ကို မျှဝေလိုပါတယ်။







### ပရိုတိန်းဓာတ် များများစားပါ

ပရိုတိန်းဓာတ် လုံလုံလောက်လောက် စားပေးဖို့ အရေးကြီးပါတယ်။ နေ့စဉ်စားသုံးနေတဲ့ အစားအစာတွေမှာ ပရိုတိန်းဓာတ် လုံလုံလောက်လောက် ပါခြင်းဟာ ဆာလောင်မှုကိုအချိန်ကာလတစ်ခုထိ မပေါ်ပေါက်အောင် ထိန်းပေးထားနိုင်ပါတယ်။ ဆိုလိုတာက ခဏခဏ ဗိုက်မဆာတော့ပါဘူး။ လေ့လာသုတေသနပြုချက်တွေအရ ပရိုတိန်းဓာတ် များများပါတဲ့ အစားအစာ စားထားသူတွေဟာ ကာဘိုဟိုက်ဒရိတ်နဲ့ အဆီဓာတ် များများပါတဲ့ အစားအစာ စားထားသူတွေထက် တစ်နေကုန်မှာ ဆာလောင်မှုကို ထိန်းထားနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရိုတိန်းဓာတ်များများပါတဲ့ အစားအစာတွေဟာ ခန္ဓာကိုယ်က ဆာလောင်မှုဖြစ်စေတဲ့ ဟော်မုန်းဓာတ်ကို လျော့ကျစေတဲ့အတွက်ဖြစ်ပါတယ်။ ဒါ့အပြင် ပရိုတိန်းဓာတ်ဟာ ကြွက်သားသန်စွမ်းမှုအတွက်လည်း အရေးကြီးပါတယ်။ လေ့ကျင့်ခန်းလုပ်လို့ဖြစ်စေ၊ ကာယလုပ်သားတွေမှာဖြစ်စေ ကြွက်သားတွေ ပြန်လည်သန်စွမ်းစေဖို့နဲ့ သန်မာစေဖို့ ပရိုတိန်းဓာတ် လိုအပ်ပါတယ်။ ပရိုတိန်းဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကတော့ ဥအမျိုးမျိုး၊ နို့နဲ့ နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသားအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ တို့ဟူး စတာတွေပဲ ဖြစ်ပါတယ်။

### သကြားဓာတ်ကဲတဲ့ အစားအစာတွေ လျှော့စားပါ

ကျန်းမာရေး ကောင်းချင်ရင်တော့ သကြားဓာတ်လျှော့စားရမှာ အသေအချာပါ။ နေ့စဉ် သကြား သို့မဟုတ် အချိုဓာတ် လျှော့စားမယ်၊ တစ်ပတ် လေး/ငါးကြိမ် လေ့ကျင့်ခန်းလုပ်မယ်၊ ပရိုတိန်းဓာတ် များများစားမယ်ဆိုရင် ခန္ဓာကိုယ် အလေးချိန် ထိန်းသိမ်းလျှော့ချနိုင်ဖို့ ထိရောက်ပါတယ်။ သကြားဓာတ်စားသုံးမှုလျှော့စေဖို့ဆိုရင် မျက်စိရှေ့မှာ သကြားဓာတ်ကဲတဲ့ အစားအသောက်တွေ ရှိမနေစေဖို့ လိုအပ်ပါတယ်။ မျက်စိရှေ့ လွယ်လွယ်ကူကူ မြင်တွေ့နေရရင် စားဖြစ်နေမှာ ကျိန်းသေပါတယ်။

### အမျှင်ဓာတ်ပေါကြွယ်ဝတဲ့ အစားအစာတွေစားပါ

အမျှင်ဓာတ်များတဲ့ အစားအသောက်တွေဟာ ပရိုတိန်းဓာတ်များတဲ့ အစားအသောက်တွေလိုပဲ သင့်ရဲ့ဆာလောင်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ပါတယ်။ ဆိုလိုတာက ခဏခဏ မစားဖြစ်တော့ဘူးပေါ့။ ဒါ့အပြင် အမျှင်ဓာတ်များတဲ့ အစားအစာတွေဟာ အစာကြေညက်ခြင်းကို တွန်းအားပေးပါတယ်။ နှလုံးရောဂါဖြစ်စေမှုကို လျော့ကျစေပါတယ်။ လေဖြတ်ခြင်း၊ ဆီးချိုရောဂါနဲ့ အူမကြီးကင်ဆာ ဖြစ်စေနိုင်မှုတို့ကို လျော့ကျစေပါတယ်။ အမျှင်ဓာတ်များတဲ့ အစားအစာတွေကတော့ ပဲတောင့်ရှည်၊ ပဲနီကလေး၊ ပြောင်းဖူး၊ ဘယ်ရီသီး၊ ထောပတ်သီး၊ ပန်းသီး၊ အာလူး၊ အခွံမာသီးများ၊ ဟင်းသီးဟင်းရွက် အမျိုးမျိုး စတာတို့ပဲဖြစ်ပါတယ်။ အချို့သုတေသနပြုချက်တွေအရ အမျှင်ဓာတ်ကြွယ်ဝတဲ့အစာတွေဟာ ဗိုက်ပြည့်မြန်စေရုံသာမက အဆာခံမှုကိုဖြစ်စေပါတယ်။

### တတ်နိုင်သမျှနေအိမ်မှာသာ ချက်ပြုတ်စားသောက်ပါ

သုတေသနပြုချက်တွေအရ နေအိမ်မှာ ချက်ပြုတ်စားသောက်တဲ့ အစားအစာတွေဟာ ကျန်းမာရေးနဲ့ ပိုမိုညီညွတ်လေ့ရှိပါတယ်။ စားသောက်ဆိုင်တွေက အစားအစာတွေဟာ များသောအားဖြင့် ဆားဓာတ်၊ ပြည့်ဝဆီပါဝင်မှုနဲ့ ကယ်လိုရီပါဝင်မှု ပိုများလေ့ရှိပါတယ်။ စားသောက်ဆိုင်တွေဟာ အရသာကို အဓိကထားချက်ပြုတ်ကြတာကြောင့် ဖြစ်ပါတယ်။ နေအိမ်မှာ ချက်ပြုတ်ခြင်းဟာ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်နဲ့ အသားငါးတွေ ဖြစ်လေ့ရှိပါတယ်။ ဒါ့ကြောင့် ကျန်းမာရေးနဲ့ ညီညွတ်ပြီး အာဟာရပိုဖြစ်စေပါတယ်။ အိမ်ချက်ပြုတ်စာတွေကို စားသုံးခြင်းဖြင့် အကြော်ခံဆီ၊ တာရှည်ခံဓာတုပစ္စည်းနဲ့ ဆား၊ အချိုမှုန့်လို ကျန်းမာရေးနဲ့ မညီညွတ်တဲ့အရာတွေ မပါဝင်စေဖို့ ပိုမိုသေချာအောင် လုပ်ဆောင်နိုင်ပါတယ်။ ကိုယ်တိုင်ချက်ပြုတ်စားသောက်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ မိမိကိုယ်မိမိယုံကြည်မှုအပါအဝင် စိတ်ဖိစီးမှုတွေ လျော့ကျစေနိုင်ပါတယ်။

### အိပ်စက်ခြင်းအချိန်ဇယား မှုတမှန်ကန်ပါစေ

လူအများစုဟာ နေ့စဉ် မိမိရဲ့ အိပ်စက်မှုနဲ့ပတ်သက်လို့ သတိမထားမိတတ်ပါဘူး။ နေ့စဉ် အိပ်စက်ချိန်နည်းပါးခြင်းနဲ့ အိပ်ချိန်မမှန်ခြင်းတို့ဟာ ယနေ့ခေတ် လူတိုင်းနီးပါး ကြုံတွေ့နေကြရတဲ့ သတိမမူမိသော ကျန်းမာရေးအလေ့အထဆိုင်ရာ ကြီးမားတဲ့ချို့ယွင်းမှုကြီးဖြစ်ပါတယ်။ နောက်ထပ် သတိမထားမိတဲ့အချက်ကတော့ အိပ်ချိန်မမှန်ခြင်းနဲ့ အိပ်ရေးပျက်ခြင်းတို့ဟာ အသက်အရွယ်မရွေး လူတွေကို ကိုယ်အလေးချိန် တိုးလာစေနိုင်တယ် ဆိုတာကိုပါ။

အိပ်စက်ချိန် အတိုင်းအတာပမာဏဟာ ဆာလောင်မှုကို ဖြစ်စေတဲ့ဟော်မုန်း (ghrelin hormone) နဲ့ ဆာလောင်မှုကို တားမြစ်တဲ့ဟော်မုန်း (leptin hormone) တို့အပေါ်မှာ သက်ရောက်မှုရှိစေလို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အိပ်ရေးပျက်ခြင်းကြောင့် ကိုယ်ခန္ဓာနွမ်းနယ်ရာမှတစ်ဆင့် ကိုယ်လက်လှုပ်ရှားမှုလျော့ကျပြီး ကိုယ်အလေးချိန်တိုးခြင်းနဲ့ အခြားရောဂါတွေ ဝင်ရောက်လာနိုင်ပါတယ်။ အိပ်ရာဝင်ချိန်နဲ့ အိပ်ရာထချိန်တို့ကို အချိန်မှန် လုပ်ဆောင်ခြင်းဟာ ပိုမိုကျန်းမာတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

အချိန်မှန်အိပ်စက်ခြင်း၊ အိပ်ရာထခြင်းအားဖြင့် ပိုမိုကောင်းမွန်စွာ အိပ်ပျော်စေမှုကို ညစဉ်ရရှိပြီး ထိုမှတစ်ဆင့် ဟော်မုန်းတွေထွက်ရှိမှုကို ညီညွတ်မျှတစေနိုင်မှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပုံမှန်အိပ်စက်အနားယူတဲ့ အလေ့အကျင့်ကြောင့် ကိုယ်ခန္ဓာလန်းဆန်းစေလို့ ကိုယ်လက်လှုပ်ရှားမှုလည်း ပိုမိုပြုလုပ်လာနိုင်စေမှာ ဖြစ်ပါတယ်။

### ရေများများသောက်ပါ

ရေသောက်ခြင်းကြောင့် ရရှိမယ့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးတွေက ဖော်မပြနိုင်လောက်အောင်များပေမယ့်လည်း လူအများစုဟာ ရေများများသောက်ဖို့ကို မေ့လျော့နေတတ်ကြပါတယ်။ ရေများများသောက်ခြင်းဖြင့် ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေနိုင်ပါတယ်။ လေ့လာသုတေသနပြုချက်အရ အစာမစားမီ နာရီဝက်ခန့်မှာ ရေလီတာဝက်ခန့်ကြိုသောက်ခြင်းဟာ ဆာလောင်မှုကို လျော့ကျစေကာ အစာအများအပြားစားသောက်လိုမှုကို လျော့ကျစေပါတယ်။ တစ်နေကုန်ရေများများ သောက်ခြင်းဟာ ကယ်လိုရီတွေ လောင်ကျွမ်းမှုကို ကူညီပါတယ်။ ထိုသို့ ခန္ဓာကိုယ် နေ့စဉ်လှုပ်ရှားမှုအတွက် လိုအပ်တဲ့ကယ်လိုရီတွေကို များများ လောင်ကျွမ်းစေခြင်းအားဖြင့် ကိုယ်အလေးချိန်ကိုလည်း ထိန်းနိုင်ပါတယ်။


### အစာစားချိန် သီးခြားသတ်မှတ်၍ စားပါ

နေ့တစ်နေ့မှာ စားသောက်မယ့်အချိန်ကို သတ်မှတ်ထားပြီး အဆိုပါအချိန်အတွင်း၌သာ စားသောက်ခြင်းကို ဆိုလိုပါတယ်။ အဆိုပါ သတ်မှတ်ချိန်အတွင်းတွင်သာ စားသောက်ပြီး ကျန်အချိန်တွေမှာ ရေတစ်မျိုးကိုသာ သောက်ရမှာဖြစ်ပါတယ်။ ဥပမာပြောရရင် ရဟန်းတော်တွေလိုက်နာကျင့်သုံးတဲ့ မွန်းတည့် ၁၂ နာရီနောက်ပိုင်း အစာမစားခြင်းနဲ့ ဥပုသ်စောင့်ခြင်း နည်းစနစ်တွေနဲ့ ဆင်တူပါတယ်။

စာမျက်နှာ ၇ သို့ ◆

❂ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက်များခြင်းနဲ့ အဝလွန်ခြင်းကြောင့် တစ်ဆက်တစ်စပ်တည်းအနေနဲ့ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာရောဂါတွေအပြင် စိတ်ကျရောဂါ စသဖြင့် ဖြစ်ပွားစေနိုင်ပါတယ်။ ဒါကြောင့် ကိုယ်အလေးချိန်ထိန်းသိမ်းခြင်းကို မဖြစ်မနေ ဆောင်ရွက်သင့်

❂ ရေများများသောက်ခြင်းဖြင့် ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေနိုင်ပါတယ်။ တစ်နေကုန်ရေများများသောက်ခြင်းဟာ ကယ်လိုရီတွေလောင်ကျွမ်းမှုကို ကူညီပါတယ်။ ထိုသို့ ခန္ဓာကိုယ် နေ့စဉ်လှုပ်ရှားမှုအတွက် လိုအပ်တဲ့ကယ်လိုရီတွေကို များများ လောင်ကျွမ်းစေခြင်းအားဖြင့် ကိုယ်အလေးချိန်ကိုလည်း ထိန်းနိုင်



# ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရန်ကျန်ရှိသည့် အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးများကို အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းအပေါ် ကွင်းဆင်းကြည့်ရှု တွေ့ရှိချက်များ ပြန်လည်တင်ပြခြင်း အစည်းအဝေး ကျင်းပ




နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် UNICEF၊ WHO အဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် "ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံရန်ကျန်ရှိသည့် အသက် တစ်နှစ်မှ ငါးနှစ် အရွယ်ကလေးများကို အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းအပေါ် ကွင်းဆင်းကြည့်ရှုတွေ့ရှိချက်များ ပြန်လည်တင်ပြခြင်း အစည်းအဝေး" ကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိခဲ့သော ကလေးငယ်များအတွက် အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ ကာကွယ်ဆေးထိုးရက်သတ္တပတ်၏ theme မှာ "The Big Catch-up" ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အသက် တစ်နှစ်မှ ငါးနှစ်အတွင်း ကာကွယ်ဆေး လုံးဝမရရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသူ ကလေးငယ်များအတွက် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို အစက်ချဆေး၊ ပိုလီယိုကာကွယ်ဆေး ထိုးဆေးနှင့် ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးများအား အမီလိုက်ကာကွယ် ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း စီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနခွဲ၊ GAVI၊ UNICEF ၊ WHO ၊ အမျိုးသားအဆင့် ကာကွယ်ဆေး ထိုးလုပ်ငန်းဆိုင်ရာ နည်းပညာ အကြံပေးအဖွဲ့ (National Immunization Technical Advisory Group, NITAG) တို့ ပူးပေါင်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ၊ ရန်ကုန် တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် ၂၀၂၄ ခုနှစ် ဧပြီလတွင် ပထမအကြိမ်၊ ဇွန်လတွင် ဒုတိယအကြိမ်နှင့် ယခုဩဂုတ်လတွင် တတိယအကြိမ် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အသက် တစ်နှစ်မှ ငါးနှစ်အတွင်း ကလေးငယ် ၁၈၅၃၀၆ ဦးအနက် ၁၂၇၃၁၄ ဦးကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပြီး ဖြစ်ပါကြောင်း။

ဆက်လက်၍ ကျန်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲနှင့် UNICEF ၊ WHO မှ တာဝန်ရှိသူများ ပူးပေါင်း၍ နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမီလိုက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြီးကြပ်ခြင်း (Joint Supervision) ကို ဩဂုတ်၁ ရက်မှ ၅ ရက် အထိ ဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ကွင်းဆင်းကြည့်ရှုတွေ့ရှိချက်များမှ တစ်ဆင့် လိုအပ်ချက်များ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေး၍ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အထောက်အကူပြု အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်သစ္စာလွင်က နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမီလိုက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အရှေ့တောင်အာရှရုံးခွဲ (SEARO) မှ Technical Officer (Vaccine Preventable Disease), Dr. Sigrun Roesel နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ Immunization Manager Dr. Ruhul Amin တို့က ကွင်းဆင်းကြည့်ရှုတွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာတိုင်းရဲ့ သမိုင်းပေးတာဝန်

❖ ကမ္ဘာ တည်သရွေ့
မြန်မာပြည် ရှိရမည်။

❖ ဒို့တိုင်းပြေ(ပြည်)
အညွန့်ဝေ
အစွန့်ရှည်စေဖို့။

❖ အဖျက်ရန်
တစ်စက်မကျန်
အမြစ်လှန်လို့ ချေမှုန်းစို့။

❖ မြန်မာ့သမိုင်း
မြန်မာတိုင်းက
မရိုင်းစေရန်
ဇာတိမာန်ဖြင့်
မြန်မာ့မော်ကွန်း ရေးထိုးလော့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

◆ စာမျက်နှာ ၆ မှ

ဒီလို အချိန်သတ်မှတ်ထားခြင်းဖြင့် ဆန္ဒဖြစ်ပေါ်လာတိုင်း စားသောက်ခြင်းကို ရှောင်ကြဉ်နိုင်မှာဖြစ်ပါတယ်။ အချိန်အပိုင်းအခြားအလိုက်သာ အစာစားသောက်ခြင်းဖြင့် သွေးပေါင်ကျခြင်း၊ ကိုယ်အလေးချိန်ကျခြင်းနဲ့ သွေးတွင်းသကြားဓာတ်လျော့စေခြင်း စတဲ့အကျိုးကျေးဇူးတွေ ရနိုင်မှာဖြစ်ပါတယ်။ ထိုသို့ မလုပ်ဆောင်နိုင်ပါကလည်း အိပ်ချိန်မတိုင်ခင် အနည်းဆုံး သုံးနာရီခန့်မှစ၍ အစာစားခြင်းမပြုလုပ်ပါကလည်း အကျိုးကျေးဇူးရနိုင်ပါတယ်။ ထိုသို့ သတိရှိရှိနဲ့ စားသောက်ခြင်းဟာ ကောင်းစွာအိပ်ပျော်စေခြင်း အပါအဝင် ကိုယ်ခန္ဓာအလေးချိန် ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

**စိတ်ဖိစီးမှုများ လျှော့ချပါ**

နှစ်ပေါင်းများစွာ လေ့လာသုတေသနပြုချက်တွေအရ စိတ်ဖိစီးမှုဟာ ကျွန်ုပ်တို့ရဲ့ ကျန်းမာရေးအပေါ်မှာ တစ်နည်းနည်းနဲ့ များစွာဆိုးကျိုးသက်ရောက်စေတာ တွေ့ရပါတယ်။ စိတ်ဖိစီးမှုဟာ ကျွန်ုပ်တို့ရဲ့ အသက်ရှူလုပ်ငန်းစဉ်မှ ဦးနှောက်လုပ်ငန်းတွေအထိ ကြွက်သားများပါမကျန် နေရာတိုင်းကို သက်ရောက်မှုရှိစေတာ တွေ့ရပါတယ်။ ကိုယ်အလေးချိန်တိုးခြင်းကိုလည်း ဖြစ်စေတာ တွေ့နိုင်ပါတယ်။

သုတေသနတွေ့ရှိချက်အရ စိတ်ဖိစီးမှုများရင် ကိုယ်ခန္ဓာ ဇီဝလုပ်ငန်းစဉ် နှေးကွေးစေပါတယ်။ ဒီလို နှေးကွေးမှုကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်ထွက်ရှိဖို့ ကယ်လိုရီ လောင်ကျွမ်းမှုနည်းစေပါတယ်။ ကယ်လိုရီ လောင်ကျွမ်းနိုင်မှုနဲ့ ပတ်သက်လို့ စိတ်ဖိစီးမှုများတဲ့ အမျိုးသမီးအုပ်စုနဲ့ စိတ်ဖိစီးမှုနည်းတဲ့ အမျိုးသမီးအုပ်စုကို နှိုင်းယှဉ်လေ့လာရာမှာ စိတ်ဖိစီးမှုများတဲ့ အမျိုးသမီးအုပ်စုဟာ တစ်ရက်ကို ၁၀၄ ကယ်လိုရီခန့် လျော့နည်းလောင်ကျွမ်းကြောင်း တွေ့ရပါတယ်။

အဆိုပါ စိတ်ဖိစီးမှုများတဲ့ အမျိုးသမီးအုပ်စုမှာ သွေးတွင်းအင်ဆူလင် ပမာဏ ပိုများကြောင်းလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် ဆီးချိုနဲ့ နှလုံးသွေးကြောရောဂါတွေဖြစ်စေဖို့ အခွင့်အလမ်း ပိုများကြောင်း တွေ့ရပါတယ်။ ထိုသို့ တစ်ရက်ကို ကယ်လိုရီလောင်ကျွမ်းမှု ၁၀၄ ကယ်လိုရီခန့် လျော့နည်းခြင်းဟာ တစ်နှစ်ကြာတိုင်း ကိုယ်အလေးချိန်ကို လေးကီလိုဂရမ်အထိ တိုးစေတာတွေ့ရပါတယ်။ ဒါ့ကြောင့် စိတ်ဖိစီးမှုဖြစ်စေတဲ့ အချက်ကို ဖော်ထုတ်ကာ ဖယ်ရှားခြင်းနဲ့ ဒီလို ဖယ်ရှားလို့မရပါက အားကစားပြုလုပ်ခြင်း၊ တရားမှတ်ခြင်း စတဲ့ နည်းလမ်းတွေနဲ့ သက်သာအောင်ပြုလုပ်နိုင်ပါတယ်။ အချို့သူတွေအနေနဲ့ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ စာရေးခြင်း စတဲ့ နည်းလမ်းတွေလည်း သုံးကြည့်နိုင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူနိုင်ပါဘူး။

**ချင့်ချိန်စားသောက်ခြင်းနဲ့ပတ်သက်၍ လေ့ကျင့်ယူပါ**

"ပါးစပ်အကျင့်၊ ဝမ်းအချင့်" ဆိုသလို စားသောက်မှုနဲ့ပတ်သက်လို့ သတိထားပြီး လိုက်နာမယ်ဆိုရင် အလွန်အကျွံစားသောက်ခြင်းနဲ့ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ စားသောက်ခြင်းကို ရှောင်ကြဉ်လာနိုင်မှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ သတ္တဝါတွေဟာ ဗိုက်ဆာလာရင်စားမယ်၊ ဗိုက်ပြည့်ရင် စားတာရပ်မယ်။ လူအတော်များများဟာလည်း အဲဒီလိုပဲ လုပ်ဆောင်နေကြတာပါ။ ရသာတဏှာနောက်လိုက်ကာ မြင်တာတွေ့တာ၊ စားကောင်းတာလေးတွေကို သတိလက်လွတ် စားသောက်နေတတ်ကြတာ ဓမ္မတာပါ။

ညနက်ပိုင်းမှာ အချိုတွေစားခြင်း၊ အဆာပြေမုန့်သရေစာတွေ အဆက်မပြတ်စားနေခြင်း စတာတွေဟာ ကျန်းမာရေးနဲ့ လုံးဝမညီညွတ်ပါဘူး။ စိတ်ထဲပါတဲ့အတိုင်း စားသောက်ခြင်းဟာ လူတိုင်းမှာ တွေ့ရတတ်တဲ့ အပြုအမူတစ်ခုပဲဖြစ်ပါတယ်။ ဝမ်းနည်းလည်းစား၊ စိတ်ဆိုးလည်းစား၊ စိတ်ဖိစီးလည်းစား၊ ဝမ်းသာလည်းစား စသဖြင့် အစာမြင်တာနဲ့ စားတတ်ကြတာ အလေ့အထတစ်ခုပါ။ အစားအစာကို အချိန်သတ်သတ်မှတ်မှတ်၊ အစာအမျိုးအစား သတ်သတ်မှတ်မှတ်နဲ့ ကျန်းမာရေးနဲ့ ညီညွတ်စွာ စားသောက်ခြင်းဟာ ရေရှည်မှာ ကျန်းမာရေးအကျိုးကျေးဇူးတွေရလာခြင်းနဲ့ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်လာကာ စိတ်ဖိစီးမှုနည်းလာတတ်တာကို ကာလရှည် သုတေသနပြုလုပ်ချက်တွေအရ တွေ့ရှိရပါတယ်။

**ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ပါ**

နေ့စဉ် သို့မဟုတ် တစ်ပတ်ကို အနည်းဆုံး ငါးကြိမ်ခန့်နဲ့ တစ်ကြိမ်ကို မိနစ် ၃၀ ခန့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပေးခြင်းဟာ ကိုယ်ခန္ဓာလန်းဆန်းတက်ကြွစေရုံသာမက ကိုယ်အလေးချိန် ထိန်းသိမ်းရာမှာလည်း အရာရောက်ပါတယ်။ ကိုယ်လက်လှုပ်ရှားခြင်းဟာ ဆေးတစ်ပါးဖြစ်တယ်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။ နှစ်ကာလများစွာ သုတေသနပြုလုပ်မှုပေါင်းများစွာက သက်သေပြပြီးလည်း ဖြစ်ပါတယ်။ လိုက်နာဆောင်ရွက်ဖို့ပဲ အရေးကြီးပါတယ်။

စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနဲ့ညီညွတ်တဲ့ပုံစံ ဖြစ်စေဖို့ဆိုတာ လိုက်နာလုပ်ဆောင်ဖို့ မလွယ်ကူပါဘူး။ ကိုယ်အလေးချိန် ထိန်းနိုင်ဖို့ဆိုတာလည်း အင်မတန် ခက်ခဲပါတယ်။ အချက်အလက်တွေကို ဖတ်ကြည့်ရင် လွယ်သလိုထင်ရပေမယ့် လက်တွေ့မှာတော့ သီတင်းနှစ်ပတ် သို့မဟုတ် တစ်လခန့်ဆိုရင် ဆက်လက်လိုက်နာဖို့ ပျက်ကွက်လာတတ်ကြပါတယ်။

ဘဝတစ်လျှောက်လုံး ကျင့်သုံးရမှာ ဖြစ်တဲ့အတွက် စိတ်ရှည်ရှည်နဲ့ လိုက်နာလုပ်ဆောင်ကြဖို့လိုပါတယ်။ လက်မလျှော့တမ်း လိုက်နာကျင့်သုံးကြမှသာ ကျန်းမာတဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၄)

၁။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃) တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်" ဟု ဖော်ပြထားရှိပါသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏ မွေးရာပါ ရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံ အခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့် အကြောင်းရင်းနှင့်မျှ ဖယ်ရှားနုတ်ပယ်၍မရသော အခွင့်အရေးဖြစ်သည်။

၂။ ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ လူသားများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှုတို့ကို ထိခိုက်စေသော အကြောင်းအရာများစွာ ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ပဋိပက္ခအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင် ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေကြရကြောင်းနှင့် နေရပ်ဒေသများကို စွန့်ခွာတိမ်းရှောင်နေကြရကြောင်း ကြားသိရပြီး ကျန်ရှိနေကြသည့် ပြည်သူများလည်းရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများသည် အသက်ရှင်သန်ခွင့်အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်လုံခြုံခွင့် စသည့်မူလအခြေခံ အခွင့်အရေးများစွာ ထိပါးဆုံးရှုံးလျက်ရှိပါသည်။

၄။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံ ဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ လူနေအိမ်များကို တိုက်ခိုက်ခြင်းမပြုကြရန် လိုအပ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင် ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆန့်ကျင်နေပါသည်။

၅။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထိရှလွယ်အုပ်စုများ အပါအဝင် အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် လုံခြုံခွင့်တို့ကို အလေးအနက်ထား ဝိုင်းဝန်းစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများကလှူဒါန်းသည့် အလှူငွေနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ပေးအပ်စဉ်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ်သိန်းသုံးရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်နှင့် ငွေကျပ် သိန်းငါးဆယ်တန်ဖိုးရှိ စားသောက် ဖွယ်ရာများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် လေးဆယ့်ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းနှစ်ရာ့ငါးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ် နှင့် ငွေကျပ်တစ်ရာ နှစ်ဆယ့်ကိုးသိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် ရှစ်ဆယ့်လေးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ တစ်ဆယ်တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းခြောက်ဆယ်နှင့် ငွေကျပ်သိန်းလေးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) ကျောင်းဆင်းအရာရှိမိသားစုများက ငွေကျပ်ရှစ်ဆယ့်ငါးသိန်းကိုလည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် တစ်ရာသုံးဆယ့်နှစ်သိန်းနှင့် ငွေကျပ် နှစ်ရာလေးဆယ့်ခြောက် သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် နှစ်ရာတစ်ဆယ့်နှစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ရာမညခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်တစ်ရာ နှစ်ဆယ့်ကိုးသိန်းကျော်နှင့် ငွေကျပ် နှစ်ရာလေးဆယ့် တစ်သိန်းကျော် တန်းဖိုးရှိ စားသောက်ဖွယ်ရာများကို ထားဝယ်မြို့ရှိ ရွှေဝယ်သဇင်ခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် သုံးရာတစ်ဆယ့် တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာရွှေဝါခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သုံးရာ တစ်ဆယ့်နှစ်သိန်းကျော်တန်ဖိုးရှိစားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမဆောင်၌လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် ကော်မရှင်ဥက္ကဋ္ဌတို့က ပေးအပ်ရာ တိုင်းမှူးများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ပင်းတယ ဩဂုတ် ၆

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ယနေ့သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာအုပ်စာပေများနှင့်ချစ်ခင်ရင်းနှီးကျွမ်းဝင်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ဒီပွဲတော်ကြီးတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာ ရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့၏ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ရန် တည်ဆောက်သည့် နေရာတွင် အနာဂတ်၏ ခေါင်းဆောင်လောင်းများဖြစ်ကြသည့် ကျောင်းသား ကျောင်းသူများကို ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင် ဆရာ ဆရာမများအနေဖြင့် သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးစွန့်၍ ကာကွယ်စောင့်ရှောက်ပေးနေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းနိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းချက်ပြုတ်ကြော်လှော်ပြီး ထုပ်ပိုးပြင်ဆင်ဆောင်ရွက်မှုများကို ဩဂုတ် ၄ ရက်က ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွဋ်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

## ပေးပို့လှူဒါန်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ငါးနီတူခြောက်ကြော်ထုပ် ၁၁၅၀၊ ဘာလချောင်ကြော်ထုပ် ၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၅၄၀၀၊ အမဲသားဘူး ၁၀၀၀၊ ငါးသေတ္တာဘူး ၁၀၀၀၊ ပဲဘူး ၁၀၆၀၊ ငါးပိထောင်းဘူး ၁၅၂၀၊ လက်ဖက်နှင့် အကြော်ထုပ် အထုပ် ၅၀၀၀ နှင့် ငွေသားကျပ်သိန်း ၁၅၀ တို့ကို ဩဂုတ် ၅ ရက်က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဦးမင်းထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာသို့ သွားရောက်ပေးပို့လှူဒါန်းခဲ့သည်။

ထို့အတူ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နန်းမြိုင်ကော်ဖီမစ်အထုပ် ၃၀ ပါ အထုပ်ကြီး ၁၀၀၊ ရွှေဖီဦးလက်ဖက်ရည်အထုပ် ၃၀ ပါ အထုပ်ကြီး ၁၀၀၊ Calsome ကွေကာ အထုပ် ၃၀ ပါ အထုပ်ကြီး ၂၀၀၊ ဆန်ပြုတ်အထုပ် ၉၀၀၊ ဆန်ကွတ်ကီး အထုပ် ၁၀၀၊ Lucky ဘီစကွတ် အထုပ် ၁၀၀၊ ခေါက်ဆွဲပြုတ် အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ခေါက်ဆွဲဆီချက်အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ခေါက်ဆွဲချဉ်စပ်အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ငါးပိထောင်းထုပ် အထုပ် ၅၈၀၊ ပင်ပျို့ရွက်နုလက်ဖက် အထုပ် ၁၀၀၊ ဇင်ချောင်းဟင်းရည်ထုပ် ၁၀ ပုံး၊ ပုစွန်ခြောက်ငံပြာရည်ကြော် အထုပ် ၁၀၀၊ ဇလုံကြီးဟင်းအနှစ် အထုပ် ၂၅၀၀၊ တန်ကိုချောကလက်အတောင့် ၁၀၀၊ Fun-O ချောကလက်ဝေဖာထုပ် ၁၀၀၊ Red Ruby စီးကရက်ဘူးအတောင့် ၁၀၀၊ သန်းခေါင်စာရင်းတီရှပ် အထည် ၁၀၀၀ နှင့် ဆေးမျိုးစုံတို့ကို ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်ဖြင့် ရှေ့တန်းစစ်မြေပြင်တွင် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့များအား ကျန်းမာစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်းနှင့် တရားသောစစ်အောင်မြင်ပါစေကြောင်း စိတ်ဓာတ်ခွန်အားဖြစ်စေမည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ခဲ့ကြသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် စုစုပေါင်းငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ ၁၉ မျိုးကို တာဝန်ရှိသူများက နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးပို့လှူဒါန်းခဲ့ကြသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကလည်း ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က လိုက်လံကြည့်ရှုအားပေးကြသည်။

## ဝိုင်းဝန်းပြင်ဆင်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်ထောင်းကြော်၊ ငါးနီတူခြောက်ကြော်၊ အာဖြဲခြောက်ကြော်၊ ပုစွန်ခြောက်ကြော်၊ အသင့်စားခေါက်ဆွဲခြောက်များ၊ ကွေကာအုပ်ထုပ်များ၊ ကော်ဖီမစ်ထုပ်များ၊ တီးမစ်ထုပ်များ၊ လက်ဖက်နှင့် အကြော်စုံများ၊ ဟင်းဘူးများ၊ ငါးသေတ္တာဘူးများ၊ ဇလုံကြီးဟင်းအနှစ်ထုပ်များ၊ ငါးပိထောင်းဘူးများ၊ မုန့်မျိုးစုံများ၊ ဓာတ်ဆားထုပ်များ၊ ဆေးဝါးများနှင့် ဆေးပေါ့လိပ်များ စုစုပေါင်း ငွေကျပ် ၈၄ သိန်း တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့်ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ"၊ "တရားသောစစ် အောင်မြင်ပါစေ"၊ "တပ်မတော်သားများရဲ့အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိနေပါတယ်"၊ "တပ်မတော်သားများရဲ့အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ၊ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေစဉ်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ဩဂုတ် ၄ ရက်က ဝန်ထမ်းမိသားစုများ စုပေါင်းချက်ပြုတ်ကြော်လှော် ပြင်ဆင်ဆောင်ရွက်ကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိသားစုများက ဘာလချောင်ကြော်၊ မြေပဲငံပြာရည်ကြော်၊ ငါးနီတူကြော်၊ ငါးသေတ္တာ၊ ကော်ဖီမစ်ထုပ်၊ အာလူးကြော်ထုပ်၊ စာကလေးချောင်းကြော်ထုပ်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ လက်ဖက်နှင့် ပဲကြော်ထုပ်၊ ကွတ်ကီးမုန့်မျိုးစုံ၊ Royal-D ဓာတ်ဆားထုပ်၊ ဒဏ်ကျေလိမ်းဆေးဘူးနှင့် အကိုက်အခဲပျောက်ဆေးများပါရှိသော အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို တပ်မတော်သား အယောက် ၁၀၀ အတွက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ် အောင်မြင်ပါစေ၊ ဘေးရန်ကင်းပြီး ကျန်းမာကြပါစေ" စသည့် ဆုတောင်းမေတ္တာစာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး ဝန်ထမ်းမိသားစုများနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့မှ ထည့်ဝင်လှူဒါန်းမှု ငွေသားကျပ်သိန်း ၆၀ နှင့် ပစ္စည်းတန်ဖိုး ကျပ်သိန်း ၄၀ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၁၀၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ဩဂုတ် ၅ ရက် ညနေပိုင်းတွင် သွားရောက်ပေးအပ်လှူဒါန်းရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများက တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချစ်ခင်စွာဖြင့် ဂုဏ်ပြုပေးအပ်ရန်အတွက် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ထမ်းတစ်ဦးချင်း၏ ဂုဏ်ပြုအားပေးစာလွှာများ ထုပ်ပိုးပြင်ဆင်မှုကို နေပြည်တော်ရုံးအမှတ်(၁၇) နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတို့၌ ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းမိသားစုနှင့် နိုင်ငံ့ဝန်ထမ်းသင်တန်းသားများက ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ငါးနီတူ၊ ငါးပိကြော်ဘူး ၅၀၀၊ ငါးနီတူခြောက်ကြော်ဘူး ၂၀၀၊ ငါးခြောက်ထောင်းကြော်ဘူး ၁၂၅ ဘူး၊ ပဲပုပ်ကြော်ဘူး ၂၀၀၊ အာဖြဲခြောက်ကြော်ဘူး ၄၀၀၊ ပုစွန်ငါးပိကြော်ဘူး ၂၀၀၊ စုစုပေါင်း ၁၆၂၅ ဘူးနှင့် အခြားအသုံးအဆောင်များကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ပျူခေတ်ဆိုင်ရာအထောက်အထား အချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ)ကျင်းပ



ရန်ကုန် ဩဂုတ် ၆

ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ သုတေသနပြုဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသောသမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံရေးသားနိုင်ရန်အတွက် **ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက် ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ)**ကို ယနေ့မှ ဩဂုတ် ၇ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပလျက်ရှိသည်။

အဆိုပါဆွေးနွေးပွဲသည် မြန်မာ့သမိုင်းစဉ်အတွက် အရေးကြီးသော ဆွေးနွေးပွဲဖြစ်သည့်အားလျော်စွာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ အကြံပေးပညာရှင်များ၊ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ သမိုင်းဌာန၊ ရှေးဟောင်းသုတေသနဌာန၊ မနုဿဗေဒဌာနမှ ပါမောက္ခများနှင့် ပြင်ပပညာရှင်များ လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာသမိုင်းအဖွဲ့တို့က ရေးသားပြုစုလျက်ရှိရာ လူသားအဦးအစ ပရိုင်းမိတ်ကာလ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုထွန်းကားခဲ့သည့် သမိုင်းမတင်မီကာလ၊ သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလတို့နှင့် ပတ်သက်၍ မူကြမ်းများရေးသားခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရှေးဦးမြို့ပြတည်ထောင်ခဲ့ကြသော ပျူမြို့ဟောင်းများကို နေရာအနှံ့အပြားတွင် တွေ့နိုင်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပြီးဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများသာမက အခြားသောပျူရှေးမြို့ဟောင်းများဖြစ်သည့် ပင်လယ်(မိုင်းမော) မြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ ပေါရိသတ်မြို့ဟောင်း(သို့) ကောသမ္ဘီမြို့ဟောင်း၊ ဝတီးမြို့ဟောင်း စသည်ဖြင့် တူးဖော်သုတေသနပြု ဖော်ထုတ်နိုင်ခဲ့ကြသည်ကို တွေ့နိုင်ပါကြောင်း၊ ပျူအက္ခရာနှင့် ပျူစာပေ အထောက်အထားများကိုသုတေသနပြုတွေ့ရှိခဲ့သော အထောက်အထားအချက်အလက် ခိုင်ခိုင်မာမာဖြင့် ဖြည့်စွက်၍ ထည့်သွင်းရေးသားဖော်ပြထားသည့် စာတမ်းမူကြမ်းကို ယခုတက်ရောက်လာသောပညာရှင်များက အကြံပြုဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း။

မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာကိုးကားစရာအဖြစ် လွန်ခဲ့သောနှစ် (၅၀)ကျော်က ရေးသားထားသည့် **"အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း"** သာရှိခဲ့ပါကြောင်း၊ ယခုနောက်ပိုင်းကာလတွင် ပြည်တွင်းပြည်ပပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများမှ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလ သမိုင်းစဉ်သည်လည်း ပိုမို၍ရုပ်လုံးပေါ် ပြည့်စုံလာပြီဟု ဖြစ်ပါကြောင်း၊ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက် ပြင်ဆင်ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အတူ ကျောင်းသုံးစာအုပ်များတွင် မပြည့်စုံသေးသော မြန်မာ့သမိုင်းဆိုင်ရာ အမှားများ၊ လိုအပ်ချက်များကိုလည်းပြန်လည်ပြင်ဆင် ဖြည့်စွက်ပေးရမည်ဖြစ်ပြီး သို့မှသာ ကျောင်းသားလူငယ်များအနေဖြင့် အစဉ်အလာကောင်းသည့် မြန်မာ့သမိုင်းကို ပြည့်ပြည့်စုံစုံ၊ အမှန်အတိုင်းသိရှိမည်ဖြစ်ပါကြောင်း၊ မြန်မာ့သမိုင်းတွင် ယခင်ကတည်းကရှိခဲ့သော မြန်မာအစတကောင်းကဆိုသော အယူအဆ၊ ပျူခေတ်နှင့် ပုဂံခေတ် တစ်ဆက်တစ်စပ်တည်းရှိခဲ့သည်ဟူသော အယူအဆကဲ့သို့ စစ်မှန်သည့် မြန်မာ့သမိုင်းအယူအဆများကို ကျောင်းသုံးစာအုပ်များတွင် ပြန်လည်ထည့်သွင်းကာ အသစ်ပြင်ဆင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပျူအက္ခရာနှင့် ပျူစာပေဆိုင်ရာ သုတေသနပြုတွေ့ရှိချက်များနှင့် ပတ်သက်၍ ပျူအက္ခရာများနှင့် ပျူစာပေပညာရှင်၊ ဦးမစ်ကီဟတ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိန်ဝင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်ဆွေနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များက ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ဆွေးနွေးကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့က ရေးသားပြုစုလျက်ရှိရာ ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများနှင့် ဆက်စပ်လျက်ရှိသည့် လူဆင့်ကဲဖြစ်စဉ်ကာလ သမိုင်းစဉ်၊ ကျောက်ခေတ်ကာလ သမိုင်းစဉ်၊ ကြေးခေတ်၊ သံခေတ်ကာလသမိုင်းစဉ်၊ သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလ သမိုင်းစဉ်တို့နှင့်ပတ်သက်၍ မူကြမ်းပြုစုရေးသားပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ကျင်းပ



နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ကို ယနေ့မွန်းလွဲ ၁ နာရီက ရုံးအမှတ်(၃၁) အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက In-Person ဖြင့် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်"နှင့် နိုင်ငံ့အရေးကို စိတ်ဝင်စားသည့် လူငယ်များ၊ လုပ်ငန်းရှင်များကို လက်တွဲခေါ်ယူ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဇူလိုင် ၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)တွင် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြပေးရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အခမ်းအနားသို့ တက်ရောက်မည့်သူများ တည်းခိုနေထိုင် စားသောက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အခက်အခဲများရှိက ဆွေးနွေးတင်ပြပေးရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်က မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အစီအစဉ်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားနှင့် ဆက်စပ် အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တက်ရောက်မည့် လူငယ် ကိုယ်စားလှယ်များကို ထူးချွန်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ထူးချွန်ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများ၊ လူရည်ချွန်ဆုရရှိသူများကို စိစစ်ရွေးချယ်ခဲ့မှုများနှင့် ပတ်သက်၍ လည်းကောင်း ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ် ရွှေဝါမြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မင်းလှ ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွှေဝါမြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတတ်၏ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွှေဝါမြိုင်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးသောင်းကြည်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်နွယ်က သမဝါယမဦးစီးဌာနမှ ပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် အသင်း၏စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းအခြေအနေများကို အသင်းသားများသို့ ချပြရှင်းလင်း၍ သဘောတူညီချက်ရယူကာ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် အကျိုးခံစားခွင့်ငွေများ စုစုပေါင်းငွေကျပ် ၁၅၃၅၈၄၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၆

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၆ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပတ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက်အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ် )က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)**

## မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆) ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာ ဒုက္ခရောက်နေရကြောင်း သိရသဖြင့် ကိုယ်ချင်းစာနာစိတ်ဖြင့် များစွာခံစားရပါသည်။

ထိုသို့ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ခြင်းကြောင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများနှင့် ဆေးရုံရှိတာဝန်ရှိသူများ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့်ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း**

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းနှင့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုဖြစ်စေခြင်းတို့အား မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## ကော့မှူးမြို့နယ်၌ ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု အသက်မွေးဝမ်းကျောင်းသင်တန်းအမှတ်စဉ်(၂) ဖွင့်လှစ်



ကော့မှူး ဩဂုတ် ၆

ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနကဖွင့်လှစ်သော ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု အသက်မွေးဝမ်းကျောင်း သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကို ရေတာရှည်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

**သင်ကြားပို့ချပေး**

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဝါးသင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်၊ ဝါးပင်များ၏ တန်ဖိုးရှိပုံနှင့် အကျိုးကျေးဇူးများ၊ ဝါးပင်များမှ ပေးစွမ်းနိုင်သည့် ထုတ်ကုန်များ၊ ဝါးလက်မှုပစ္စည်းပြုလုပ်ပုံ အဆင့်ဆင့်၊ ဈေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာမ ဒေါ်ခင်သန္တာကြူက ဝါးလက်မှုပစ္စည်းပြုလုပ်ပုံအဆင့်များ၊ မီးဖိုချောင်သုံးပစ္စည်းများမှ ဝါးရွက်၊ သစ်ရွက်များဖြင့် အဝတ်အထည်များပေါ်သို့ ဆေးဆိုးပန်းရိုက် အလှဆင်နည်းများ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

## တိရစ္ဆာန်အစာကောက်ရိုးအား တန်ဖိုးမြှင့်အစာအဖြစ် ပြုပြင်ကျွေးမွေးနည်းစနစ် နည်းပညာပေးသရုပ်ပြ



မြန်အောင် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာကောက်ရိုးအား တန်ဖိုးမြှင့်အစာအဖြစ် ပြုပြင်ကျွေးမွေးနည်းစနစ် နည်းပညာပေးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကန်ဇွန်းခုံကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာ ဦးဇော်ဇော်၏ နွားမွေးမြူရေးခြံတွင် ပြုလုပ်သည်။

နည်းပညာပေးသရုပ်ပြရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးသိင်္ဂီသင်းက ယူရီးယားဖြင့် ပြုပြင်ထားသော ကောက်ရိုးကိုကျွေးမွေးခြင်းအားဖြင့် တိရစ္ဆာန်များ ကြီးထွားနှုန်းကောင်းမွန်ခြင်း၊ နို့စားနွားများတွင် နို့ထုတ်လုပ်မှု မြင့်မားလာခြင်း၊ အစာချေဖျက်နှုန်းပိုမိုကောင်းမွန်လာခြင်းနှင့် ပြုလုပ်ရာတွင် ကုန်ကျစရိတ်နည်းပါးခြင်းစသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တိရစ္ဆာန်အစာကောက်ရိုးအား တန်ဖိုးမြှင့်အစာအဖြစ် ပြုပြင်ခြင်းကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်အောင်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ရှုမြင့်တင်ရေးပွဲတော်အခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ရှုမြင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်မိ/ ရပ်ဖများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပေးပြီး "နိုင်ငံအကျိုးအတွက်မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်" ဗီဒီယို Clip ပြသသည်။

ယင်းနောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာပေဗိမာန်စာပေဆုရှင် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က ရသစာပေဖတ်စေချင် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။



**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့နောက် နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာဖတ်ရှုမြင့်တင်ရေးပွဲတော်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယကက စာပေဗိမာန်စာပေဆုရှင်စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုအခြေအနေများ၊ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် ကျောင်းသား ကျောင်းသူများ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အဆိုပါအမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ရှုမြင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲမှ ဆုရရှိသူများကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဆုပေးပွဲအခမ်းအနားကျင်းပရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ကျောင်းသား ကျောင်းသူများကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံ၌ ကျင်းပသည့် နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ် နယ်မြေမီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်အသက်ကယ်ရှာဖွေရေးစွမ်းရည်များ ကျွမ်းကျင်မှုရှိလာစေရန်နှင့် စက်လှေမောင်းကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးနှင့် စက်လှေမောင်းသင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌကို စက်လှေများဖြင့် ရင်ပေါင်တန်းဖြန့်အလေးပြုခြင်း၊ မြားဦးပုံသဏ္ဌာန်ဖြင့် အလေးပြုခြင်း၊ စက်လှေမောင်းစွမ်းရည်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၃၅ ဦးကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



## ကလောမြို့နယ်၌ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

ကလော ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရော်တောကျေးရွာတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၃ ရက်အထိ အခြေခံသင်တန်းကို ရက်ပေါင်း ၃၀ ကြာ သင်ကြားပေးမည်ဖြစ်ပြီး အဆင့်မြင့်သင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းထူးချွန်ပြီး လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူ ငါးဦးကို စိစစ်ရွေးချယ်ပြီး လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းတွင် ရွှေမင်းဖုန်းကျေးရွာအုပ်စုအတွင်းရှိ သင်တန်းသား ၁၀ ဦးတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့ အထက(၂)၌ စာဖတ်ရှုမြင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

ကျိုက်ထို ဩဂုတ် ၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

**ဆွေးနွေးပြောကြား**

ဦးစွာ စာပေချစ်သူများအသင်း(Book Club) အဖွဲ့ဝင် ဦးတင်ထွေးနှင့် အထက(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွဋ်အောင်တို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့်ရည်ရွယ်ချက်နှင့် စာပေလေ့လာခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူများက "အောင်မြင်မှုပန်းတိုင်ဆီသို့"၊ "လူငယ်နှင့် အောင်မြင်မှု"၊ "တိုးတက်၊ အောင်မြင်၊ ပျော်ရွှင်ငြိမ်းချမ်း" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မကွေးတက္ကသိုလ်၌ လုပ်ငန်းသုံးမြန်မာစာသင်တန်း ဖွင့်လှစ်

မကွေး ဩဂုတ် ၆

လုပ်ငန်းသုံးမြန်မာစာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က မကွေးတက္ကသိုလ်ရှိ စာသင်ခန်းမဆောင်သစ်တွင် ကျင်းပသည်။

**ပြောကြား**

ဦးစွာ မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများအနေဖြင့် ရုံးစာများ ရေးသားတတ်စေရန်၊ ထိန်းသိမ်းတတ်စေရန်နှင့် လုပ်ငန်းခွင်တွင် အရည်အသွေးမြှင့်တင်ပေးနိုင်ရန်အတွက် ယခုကဲ့သို့ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆရာ ဆရာမ ၁၃၂ ဦးနှင့် အသစ်ခန့်ဝန်ထမ်း ၂၈ ဦး စုစုပေါင်း ၁၆၀ တို့ကို သင်တန်းနည်းပြများက ဩဂုတ် ၅ ရက်မှ ၁၆ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# ရုရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရေးသည် အီရန်နိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်ဟု အီရန်သမ္မတပြောကြား

**တီဟီရန် ဩဂုတ် ၆**

ရုရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရေးသည် အီရန်နိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ ထိပ်တန်းဦးစားပေး လုပ်ငန်းဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ပါဇက်ရှ်ကီရမ်က ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**မဟာဗျူဟာမြောက် မိတ်ဖက်**

ရုရှားနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာဂျီရှိုဂူနှင့် တီဟီရန်မြို့တွင် တွေ့ဆုံဆွေးနွေးစဉ် အီရန်သမ္မတက အထက်ပါအတိုင်းပြောကြားလိုက်ပြီး ရုရှားနိုင်ငံသည် အီရန်နိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အီရန်နိုင်ငံ၏ ခက်ခဲကြမ်းတမ်းသည့်ကာလများအတွင်း မိတ်ဖက်အဖြစ်ရပ်တည်ခဲ့ပြီး ယခင်ကာလက နှစ်နိုင်ငံအကြားရရှိခဲ့သည့် သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်ဟု အီရန်သမ္မတပါဇက်ရှ်ကီရမ်က မှတ်ချက်ပြုပြောကြားခဲ့သည်။ အီရန်နှင့်ရုရှားအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် ကမ္ဘာကြီး၏ ဘုံအကျိုးစီးပွားအတွက် ဆောင်ရွက်မည်ဖြစ်ကာ ကမ္ဘာကြီး၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တိုးတက်စေမည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အစ္စရေး၏ ဂါဇာဒေသခံများအား တိုက်ခိုက်ခြင်းသည် ကြမ်းကြုတ်သည့်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး နိုင်ငံတကာဥပဒေများကို ချိုးဖောက်ရာရောက်ကြောင်း အီရန်သမ္မတက ထပ်လောင်းပြောကြားသည်။ အီရန်သည် ရုရှားနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာကျသည့် မဟာမိတ်အဖြစ်ရပ်တည်နေပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှနေ၍ ကမ္ဘာကြီး၏ ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းလုံခြုံရေးကို မြှင့်တင်နိုင်မည်ဟု ဆာဂျီရှိုဂူက ပြောကြားသည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ကဏ္ဍစုံတွင် မြင့်တက်နေပြီး အခွင့်အလမ်းများရှိနေသည့် အနာဂတ်ဆီသို့ ရှေးရှုနေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ နှစ်နိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများအရှိန်အဟုန်မြှင့်တင်ရေးအတွက် ဆောင်ရွက်မည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ဆာဂျီရှိုဂူသည် ယမန်နေ့က တီဟီရန်သို့ရောက်ရှိလာခဲ့ပြီး အီရန်နိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး အလီအက်ဗာ အန်မာဒိန်းနှင့် စစ်ဦးစီးချုပ် မိုဟာမက် ဗာကွာရီတို့နှင့်တွေ့ဆုံ၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ရေး ဆွေးနွေးခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ



# တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့မှု ယခုနှစ် ပထမခုနစ်လအတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်




**ဆိုးလ် ဩဂုတ် ၆**

တောင်ကိုရီးယား နိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်ကုန်များ တင်ပို့မှုသည် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံတို့ထံမှ ဝယ်လိုအား မြင့်တက်မှုကြောင့် ယခုနှစ် ပထမခုနစ်လအတွင်း မြင့်တက်မှုရှိခဲ့ကြောင်း အစိုးရ အချက်အလက်များက ဩဂုတ် ၆ ရက်တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား နိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်များ ပြည်ပနိုင်ငံများသို့ တင်ပို့မှုတန်ဖိုးမှာ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံအထိရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

တောင်ကိုရီးယား နိုင်ငံက အမေရိကန်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၈၆ သန်းရှိခဲ့ကာ ဥရောပသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၀၇ သန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ခုနစ်လတာ ကာလအတွင်း ဂျပန်နိုင်ငံသို့ လယ်ယာထွက်ကုန်များတင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၄ သန်းရှိပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သို့ တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံအထိ တိုးလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်



# အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ဒေသများရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်း

**ကဘူးလ် ဩဂုတ် ၆**

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ဒေသများရှိကျေးရွာများ၏ လူမှုစီးပွားဘဝတိုးတက်ရေးဆောင်ရွက်ရန်အတွက် အာဖဂန်နစ္စတန် အစိုးရက ကော်မတီဖွဲ့စည်းခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဟန်ဒိုလာ ဖီထရက်က ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

နယ်စပ်ဒေသရှိကျေးရွာများတွင် လမ်းများတည်ဆောက်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်များတည်ထောင်ခြင်း၊ ဆေးခန်းနှင့်ကျောင်းများ တည်ဆောက်ခြင်းအပါအဝင် သန့်ရှင်းသောရေရရှိရေးနှင့် အခြားလိုအပ်ချက်များကို ယင်းကော်မတီက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးကို ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံခေါင်းဆောင် ဟီဗာတူလာအက်ဟန်ဇာဒါက ညွှန်ကြားခဲ့သည်။ အခြားနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ၎င်းနယ်စပ်ဒေသရှိကျေးရွာများတွင် သောက်သုံးရေရရှိရေး၊ ဆေးရုံ၊ လျှပ်စစ်မီးရရှိရေးနှင့် ကျောင်းများအစရှိသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အခက်အခဲများရှိနေသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းဖြတ်ခြင်းကြောင့် သေဆုံးသူ ၁၄ ဦး ရှိလာ

**ဆိုးလ် ဩဂုတ် ၆**

တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းဖြတ်ခြင်းကြောင့် ယခုနှစ်အတွင်း သေဆုံးသူ ၁၄ ဦးရှိလာပြီး လူပေါင်း ၁၇၀၀ နီးပါး အပူနှင့် ဆက်စပ်သော ဖျားနာမှုများကြောင့် ဆေးဝါးကုသမှုခံယူနေရကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ဩဂုတ် ၆ ရက်တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ ဩဂုတ် ၄ ရက်တွင် အပူလွန်ကဲမှုကြောင့် အသက် ၇၀ အရွယ်ရှိ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ပြီး အသက် ၆၅ နှစ်အရွယ် အမျိုးသားတစ်ဦးလည်း သေဆုံးခဲ့ကြောင်း ပြည်ထဲရေးနှင့် ဘေးကင်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အပူရှိန်ဆက်လက်မြင့်တက်နေချိန်ဖြစ်သည့် မေ ၂၀ ရက်မှ ဩဂုတ် ၄ ရက်အတွင်း အပူဒဏ်ကြောင့်သေဆုံးသူ သုံးဦး ထပ်မံတိုးလာခဲ့ခြင်းဖြစ်သည်။

မေ ၂၀ ရက်မှ ဩဂုတ် ၄ ရက်အတွင်း အပူနှင့်ဆက်စပ်သော ဖျားနာမှုများအတွက် ကုသပေးသည့် လူနာစုစုပေါင်းမှာ ၁၆၉၀ ရှိလာခဲ့ပြီး ယခင်နှစ် အလားတူကာလက ၁၆၄၆ ဦး ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသည့် အပူလှိုင်းကြောင့် ဇွန် ၁၁ ရက်မှ ဩဂုတ် ၅ ရက်အထိ မွေးမြူထားသော ငါးအကောင်ရေ ၁၃၀၀၀ နှင့် ကြက်အကောင်ရေ ၂၇၇၀၀၀ အပါအဝင် တိရစ္ဆာန်ကောင်ရေ



၃၀၃၀၀၀ သေဆုံးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ ပြင်းထန်သောအပူရှိန်သည် အနည်းဆုံး ဩဂုတ် ၁၅ ရက်အထိ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း မိုးလေဝသ အေဂျင်စီက ခန့်မှန်းထားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်

# ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့က ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်း၌ အနည်းဆုံး ခြောက်ဦးဒဏ်ရာရရှိ

**ဂျေရုဆလင် ဩဂုတ် ၆**

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ လက်ဘနွန် ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့က ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် အနည်းဆုံး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးသတင်းအရင်းအမြစ်များကို ကိုးကားထားသည့် ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

မောင်းသူမဲ့ ဒရုန်းအများဖြင့် လက်ဘနွန်နိုင်ငံမှ ဟစ်ဇ်ဘိုလာစစ်သွေးကြွများက တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ ၎င်းမောင်းသူမဲ့ ဒရုန်းယာဉ်တစ်ခုအား ဟန့်တားနိုင်ခဲ့သော်လည်း ဒရုန်းအများအပြား အစ္စရေးနိုင်ငံဘက်၌ ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် နာဟာရီယာမြို့တောင်ပိုင်းရှိ အရပ်သားများဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းဒရုန်းဖြင့် တိုက်ခိုက်မှုများသည် ဂိုလန်ကုန်းမြင့်ရှိ အစ္စရေးတပ်ဖွဲ့များအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောကြားသည်။ ယခုတိုက်ခိုက်မှုသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေး၏တိုက်ခိုက်မှုအား တုံ့ပြန်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ထပ်လောင်းပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများ ပြုလုပ်

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ဆေးရုံမှဆရာဝန်၊ သူနာပြု၊ ဆေးကုသမှုခံယူနေရသည့် အမျိုးသမီးများ၊ ကလေးငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများအား အစုလိုက် အပြုံလိုက် ရက်စက်စွာသတ်ဖြတ်၍ အချို့လူနာများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောရက်စက်ယုတ်မာသည့် လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌ လည်းကောင်း ပြုလုပ်ကြသည်။



ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။

ဦးစွာ ရှုတ်ချပွဲတက်ရောက်လာသည့် ရဟန်းပြည်သူပရိသတ်အပေါင်းတို့က "ပြည်ဖျက်မိစ္ဆာ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်ချေမှုန်းပေးပါ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံပြည်သူ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေသော MNDAA၊ TNLA၊ AA၊ PDF အကြမ်းဖက်အဖွဲ့များအား ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်ပေးပါ၊ အပြစ်မဲ့အရပ်သား ပြည်သူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေသော တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်၊ A righteous War Must be Won Eradicate all Subversives " စသည့် ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။

**ဟောပြောဆွေးနွေး**

ဆက်လက်၍ အကြမ်းဖက်လုပ်ရပ်များကို မလိုလားသူများကိုယ်စား တာဝန်ရှိသူများက အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောလုပ်ရပ်များအား ကန့်ကွက်ရှုတ်ချမှုနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ အကြမ်းဖက် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းအဖွဲ့အစည်းများ အလိုမရှိ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း ချက်ချင်းရပ်၊ စစ်ရေးပြစ်မှတ်မဟုတ်သော အများပြည်သူနေရာများအား ပစ်ခတ်ခြင်း ချက်ချင်းရပ်၊ MNDAA ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများ ချက်ချင်းရပ်၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်နေသည့် အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ လူ့အခွင့်အရေးများအားချိုးဖောက်နေသော အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ မြန်မာ့တပ်မတော်၏ တရားသောစစ်အောင်ရမည် စသည့်ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိမာန်သီချင်းသံပြိုင်သီဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာအား တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် အဆိုပါကျေးရွာတစ်ဝိုက်၌ အကြမ်းဖက်သမားများ၏ ခိုအောင်းလှုပ်ရှားသွားလာမှုများမရှိစေရေး စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်နေမှုကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်နှင့် အကြမ်းဖက်သမားများ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် အချိန်ကိုက်သတင်းအမှားများ ဖြန့်ဝေခြင်းဖြစ်ပြီး ထိုကဲ့သို့ မီးရှို့ဖျက်ဆီးခြင်းမှာ အကြမ်းဖက်သမားများ၏ လုပ်ရပ်သာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "A.S.K (မြင်းခြံသား)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ အောင်ချိတ်(ခ)အောင်စိုးခန့်အား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ "Min Htet" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် စွယ်လှကျေးရွာနေ မင်းထက်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ✪ ပါရီအိုလံပစ်မှ

အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၈၃ မိနစ်နဲ့ ၉၉ မိနစ်တို့မှာ မာတီတာကနှစ်ဂိုး၊ ၁၀၈ မိနစ်မှာ အိုလစ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းက အီဂျစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မော်ရိုကိုအသင်းနဲ့ စပိန်အသင်းတို့ပွဲစဉ်မှာတော့ မော်ရိုကိုအသင်းက ပွဲကစားချိန် ၃၇ မိနစ်မှာ ရရှိခဲ့တဲ့ ရာဟီမီရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုးရရှိခဲ့ပေမယ့် စပိန်အသင်းက ပွဲကစားချိန် ၆၅ မိနစ်မှာ ဖာမင်လိုပက်ဇ်ကတစ်ဂိုး၊ ၈၅ မိနစ်မှာ ဂျူအန်လူဆန်းချက်ဇ်က တစ်ဂိုးသွင်းယူပေးခဲ့လို့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပြင်သစ်အသင်းနဲ့ စပိန်အသင်းတို့ရဲ့ ပါရီအိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ ဩဂုတ် ၉ ရက်မှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

# ပုဇွန်တောင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

ပုဇွန်တောင် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗိုလ်တထောင်ခရိုင်မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးက မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်(၄)ရပ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားနေရန်နှင့် လေ့ကျင့်သားပြည့်ဝစေရန်၊ သင်တန်းကပို့ချမည့် လက်တွေ့၊ စာတွေ့သင်ခန်းစာများကို စိတ်ဝင်တစားဖြင့် ပျက်ကွက်မရှိ တက်ရောက်ကြရန်တို့ကို ပြောကြားပြီး ပုဇွန်တောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်က မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များကို အရန်မီးသတ်တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။



အဆိုပါ သင်တန်းကို ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၅၀ ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**


# AA အကြမ်းဖက်သောင်းကျန်းသူများက မောင်တောမြို့ရှိ ပုစွန်ကန်အနီးတွင် ယာယီနေရပ်စွန့်ခွာနေသော ဘင်္ဂါလီလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည့် ဗီဒီယိုဖိုင်များ ထွက်ပေါ်

နေပြည်တော် ဩဂုတ် ၆

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့(အမှတ်-၂)ဖော်ယာဇီရွာ အနောက်ဘက်ကန်စည်းရိုးနားရှိ ပုစွန်ကန်ပေါင်တွင် AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယာယီနေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများ ကလေးငယ်များအပါအဝင် လူအစုလိုက်အပြုံလိုက်ကို လူမဆန်စွာ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်။ ထို့ပြင် ဘင်္ဂါလီအမျိုးသမီးငယ်များကို အဓမ္မပြုကျင့်ပြီးသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ သိရှိသွားမည်ကိုစိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများကို ယခုကဲ့သို့ လူမဆန်စွာရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုသို့သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်







## ရေတာရှည်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရေတာရှည် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သမဝါယမဦးစီးဌာနတွင် ယနေ့ နံနက် ၁၀ နာရီက ရေတာရှည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနား ကျင်းပသည်။



ဦးစွာ သဘာပတိ ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ရေတာရှည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သန်းဦးတို့က အမှာစကားများပြောကြားပြီး ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ယာယီကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်စာရင်းရှင်းတမ်း၊ ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ရေတာရှည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့နှင့် အသင်းစာရင်းစစ်များ ရွေးချယ်ခြင်းနှင့် အတည်ပြုချက်များအား တက်ရောက်ကြသည့် အသင်းဝင်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကျောင်းကုန်းမြို့၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

ကျောင်းကုန်း ဩဂုတ် ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံစက်ချုပ်သင်တန်းကို ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် လူသန့်ချောင်ကျေးရွာ ဇနကာရာမကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက ဌာနမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်ပေးပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်လုပ်ငန်းများ အန္တရာယ်ကင်းအောင် ခတ်ခွဲစမ်းသပ်ပေးကာ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို လုပ်ငန်းမှတ်ပုံတင် လုပ်ဆောင်ပေးစေကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို ဩဂုတ် ၁ ရက်မှ ၃၀ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသူ ၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိကာ မွမ်းမံသင်တန်းကို လာမည့် စက်တင်ဘာ ၆ ရက်မှ ၂၀ ရက်အထိ ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



**❖ အောင်လအန်ဆန်မှ**

အောင်လအန်ဆန်နှင့် အာဒိုဂန်တို့ပွဲကိုမူ ပွဲစဉ် (၉) အဖြစ် ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် MMA ပွဲများနှင့် တစ်နှစ်ကျော်ဝေးကွာပြီးမှ ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ အာဒိုဂန်နှင့် ထိုးသတ်မည့်ပွဲမှာ အောင်လအန်ဆန်အတွက် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး ပွဲ ၂၀ မြောက်နှင့် ၁၀ နှစ်ပြည့်တွင် ထိုးသတ်ခွင့်ရသည့် ပထမဆုံးပွဲလည်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



**မုံရွာ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၇/၂၀၂၄) အစည်းအဝေးကို ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ခရီးသွားလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးမှုတွင် ဦးဆောင်နေရာ၌ ရပ်တည်နေသည့် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံတော်၏စီးပွားရေးကို များစွာအထောက်အကူပြုမည့်အပြင် နိုင်ငံခြားဝင်ငွေတိုးပွားလာမည်ဖြစ်သည့်အတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင်ရေးတို့အတွက် ယခုလိုလစဉ်လတိုင်း မပျက်မကွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ(၆/၂၀၂၄)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများ ပတ်ဝန်းကျင်များတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လုံခြုံရေးအခြေအနေများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သထုံမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်



**သထုံ ဩဂုတ် ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် အခမဲ့ ဖွင့်လှစ်သည့် ကျေးလက်နေ အမျိုးသမီးများ ဝင်ငွေတိုးပွားစေရေး သက်မွေးအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်သီတာဝင်းစံက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိပြီး ကျေးလက်နှင့် မြို့ပြ ကွာဟမှုကျဉ်းမြောင်း လာစေရန်နှင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ကာ သင်တန်းကို အခမဲ့စရိတ်ငြိမ်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်နည်းပြများက သထုံမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတို့မှ သင်တန်းသူ ၁၅ ဦးတို့အား အဆင့်မြင့် စက်ချုပ်ဘာသာရပ်များကို ၄၅ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘီးလင်းမြို့နယ်၌ တိရစ္ဆာန်များအတွက် အစာနု ထောက်ပံ့ပေးအပ်

**ဘီးလင်း ဩဂုတ် ၆**

မွန်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဘီးလင်းမြို့နယ်၌ ဇူလိုင်လအတွင်း ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်/ကျေးရွာများရှိ တိရစ္ဆာန်များအတွက် တိရစ္ဆာန်အစာနု ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်ချိုဦးက အဖွင့်အမှာစကားပြောကြားပြီး ဘီးလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာဥမ္မာနှင်းက တိရစ္ဆာန်အစာနု ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိရစ္ဆာန်အစာနုအိတ်များကို ထောက်ပံ့ပေးအပ်ရာ ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)နှင့် တာဝန်ရှိသူများက တိရစ္ဆာန်အစာနု အိတ် ၂၀၀ ကို မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာနှစ်ရွာရှိ တိရစ္ဆာန်မွေးမြူသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေပညာဒါန အခမဲ့သင်တန်း၌ ကျောက်မျက်ပညာများ သင်ကြားပို့ချ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက (၃၃)ကြိမ်မြောက် ရွှေပညာဒါန အခမဲ့အသိပညာပေးသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁၆)ကို ဩဂုတ် ၁ ရက်မှ ၁၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄၅၀) ပထမထပ်ရွှေဘုံသာအောက်လမ်း ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

**အခမဲ့သင်ကြား**

အဆိုပါသင်တန်းတွင် မောင်မောင်ဆန်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်မှ ဦးမောင်မောင်ဆန်းနှင့် ကျောက်မျက်ပညာရှင်ဦးဝင်းတင့်တို့က ယနေ့နံနက်ပိုင်းတွင် အခမဲ့သင်ကြားပေးပြီး ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက သင်တန်းဆရာများကို ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရသည်



**အောင်မြင့်(ပြန်/ဆက်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသင်တန်း(TOT) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်း (TOT) ဖွင့်ပွဲအခမ်းအနားကို ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံက အမှာစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ ပေါ်ထွန်းလာစေရန် အတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ အဆိုပြုတင်ပြလာသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်း ၁၅ ကျောင်းမှ ဆရာ ဆရာမများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်များကို ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီး-အဖျောက်ကားလမ်းပေါ်ရှိ တံတားတာပေါင် ပြိုကျပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် အဖျောက်မြို့ တိုက်ကြီး – အဖျောက်ကားလမ်းပေါ်ရှိ တံတားအမှတ်(၂/၁၁)သည် လွန်ခဲ့သောရက်များက မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုကြောင့် တံတားတာပေါင် ပြိုကျပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ဥယျာဉ်ဝကျေးရွာအနီး တိုက်ကြီး – ဖောင်ကြီး – ပဲခူးလမ်း မိုင်တိုင်အမှတ် (၁၅ / ၇ )မှ (၁၆) အထိအား မြေပြိုကျမှုများမှ ကာကွယ်နိုင်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး၊ ကျောက်စီမြေကာနံရံနှင့် ရေမြောင်းဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုက်ကြီး – အဖျောက်ကားလမ်း မိုင်တိုင်အမှတ် (၁၀ / ၁) မှ (၁၀ / ၂) အတွင်းရှိတံတားအမှတ် (၂ /၁၁)၏ ချဉ်းကပ်လမ်း တာပေါင်ဘယ်/ညာ ပြိုကျပျက်စီးမှုအား လမ်းဦးစီးဌာန တံတားအထူးအဖွဲ့ (၁၁)နှင့်ခရိုင်လမ်းဦးစီးဌာန ဝန်ထမ်းများ၏ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်တွင် တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးနှင့် နောင်တွင် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အခြေခံစက်ချုပ်သင်တန်းကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ၌ ဖွင့်လှစ်သည်။



အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးကျော်ဇင်လတ်က ဌာန၏ လုပ်ဆောင်နေမှုများ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် လုပ်ငန်းထူထောင်မည့်သူများ ရွေးချယ်ရာတွင် အမှန်တကယ်လုပ်ငန်းထူထောင်မည့်သူများကိုသာ ရွေးချယ်သွားရန် ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသုံးပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ကော်မတီအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းတွင် အခြေခံစက်ချုပ်နည်းများကို တစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ



မရမ်းကုန်း ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာ အသင်းအမှုဆောင်အဖွဲ့က အသင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြား၍ သဘောတူညီချက်ရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ နိုင်ငံတကာဆက်ဆံရေးပညာဌာန ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ဒေါက်တာဒေါ်မြင့်ကြည် ပါမောက္ခ/ဌာနမှူး(ငြိမ်း)က Different Electoral Voting Systems ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီး ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခိုင်ခိုင်ထွန်းမြင့်တို့က ဟောပြောပေးခဲ့သော ဆရာမကြီး ဒေါက်တာဒေါ်မြင့်ကြည်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**

# ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ ဩဂုတ် ၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၅ ရက်က ကမာကေး(အထက)ကျောင်းတွင် ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး လက်ဝယ်အရောက် ပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးသန့်ရှင်းရွှေနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူ နိုင်(၃)က ကျား ၂၉ ဦးနှင့် မ ၂၉ ဦး စုစုပေါင်း ၅၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ချက်ချင်းပြုလုပ်ပေးခဲ့ကြပြီး လက်ဝယ်အရောက်ပြန်လည်ပေးအပ်ခဲ့ကာ ကျန်ရှိသည့်ကျေးရွာများတွင်လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အလုပ်ခွင်အတွင်း ထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

မှော်ဘီ ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Japfa Comfeed Myanmar Co.,Ltd. စက်ရုံမှ အာမခံအလုပ်သမား ဦးမင်းမင်းသန်း၏ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၀၄၀၈၁၅၀ ကို ဇနီးဖြစ်သူ ဒေါ်သိမ့်သိမ့်သူအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**




# ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၅-၈-၂၀၂၄ ရက်နေ့မှအဆက်)

"မင်း ရည်းစားစာလေ၊ သိပ်ကောင်းတယ်။ ငါတောင် မင်းကို ကြိုက်ချင်စိတ်ပေါ်လာတယ်"

"ဟာ . . . ကွာ"

ကျွန်တော် ကမန်းကတန်း အိပ်ရာမှထ၍ သူ့လက်ထဲမှ စာခေါက်ကို လု၏။ သူက ရှောရှောရှူရှူ ပေးလိုက်ပြီး –

"အမယ်လေး . . . မလုပ်ပါနဲ့ မောင်ရာ၊ ရော့ပါ . . . မင်း အိပ်နေတုန်း ငါ သေသေချာချာ ဖတ်ပြီးပါပြီ။ ခွီး . . . အချင်းချင်း ဖြစ်နေလိုက်တာ"

သည်တော့မှ ကျွန်တော် ခပ်ရှက်ရှက်ဖြင့် –

"ညတုန်းက ငါ သတိရတာနဲ့ လျှောက်ရေးထားတာကွ။ ပြန်တောင်မဖတ်ရသေးဘူး။ ခုမှ ပြန်ဖတ်ကြည့်ရဦးမယ်။ ဘေးလူဖတ်ရင် ရှက်စရာကြီးဖြစ်ရင် ဖြစ်နေမှာ"

ပေါ်ဦးက ခွက်ထိုးခွက်လန် ထ၍ရယ်သည်။

"သေလိုက်ပါလား ထွန်းဝေရယ်၊ ရည်းစားစာဆိုတာ ဘယ်လိုပဲရေးရေးဟ၊ ဘေးလူဖတ်ရင်တော့ ရယ်စရာကြီးပေါ့။ နို့ . . . မင်းဟာက ဘေးလူဖတ်ရအောင် သတင်းစာထဲ သွားထည့်မှာမို့လား။ နို့တစ်ဘုတ်မှာ သွားကပ်မှာမို့လား။ ကိုယ့်ကောင်မလေး ကိုယ်ပေးတာ ကိုယ်ခံစားရသလိုပဲ ရေးပေါ့ကွ"

"ပြောနိုင်လားကွ၊ ဘေးလူ မဖတ်ဘူးလို့။ ခုပဲ မင်းဖတ်ပြီးပြီ"

"တော်စမ်းပါကွာ၊ အလုပ်မဟုတ်တာတွေ လုပ်မနေနဲ့။ ဒါပဲပေး၊ သွား မျက်နှာသစ်၊ အဝတ်အစားလဲပြီးရင် ကောင်မလေးဆီကို တစ်ခါတည်းသွား၊ တစ်ခါတည်းပေးပစ်ခဲ့။ ဒါမျိုးက ကြာကြာဆိုင်းလို့ ကောင်းတာမျိုးမဟုတ်ဘူး"

"ဟာ . . . ရပါတယ်ကွ၊ ဒီလောက် လောစရာ မလိုပါဘူး။ ညနေ ကျောင်းဆင်းခါနီးမှ သွားပေးမယ်"

ပေါ်ဦးက မျက်နှာရှုံ့ မဲ့လိုက်ပြီး –

"ဟ . . . ဘယ့်နှယ် လောစရာမလိုရမှာလဲ။ ဒါမျိုးမှာ စီနီယာက သိပ်စကားပြောတယ်နော်။ မင်းမပေးခင် တစ်မိနစ်လောက်စောပေးသွားတဲ့ ရည်းစားရှိရင် မင်းအလိုလို ဒုတိယဦးစားပေးဖြစ်သွားမှာ မင်းသိရဲ့လား"

သူပြောတော့လည်း ဟုတ်သလိုလို ဖြစ်နေ၏။ ထို့ကြောင့်–

"အေး . . . . ဟုတ်တော့ဟုတ်တယ်။ အေးကွာ ရှုပ်ပါတယ်၊

မထူးပါဘူး။ ခုပေးလည်း ဒါပဲ၊ နောက်ပေးလည်း ဒါပဲ။ မင်းပြောသလိုပဲ ခုပဲသွားပေးမယ်။ မင်း ငါနဲ့ လိုက်ခဲ့စမ်းပါ"

"ဟာ . . . ဒီအတိုင်းတော့ မသွားနဲ့ဦးကွ"

ကျွန်တော် သူ့ကို မျက်လွှာလှန်၍ ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ပေါ်ဦး ရယ်သည်။ ရယ်သံနှင့် ဆက်ပြော၏။

"ဘာဖြစ်ရမလဲ၊ မျက်နှာမှာ မျက်ချေးတစ်ပိဿာလောက်နဲ့၊ အာပုပ်စော်ကနံသေး။ သွား မျက်နှာသစ်ဦး၊ ရေမိုးချိုး အဝတ်အစားလဲပြီးမှသွား"

ပေါ်ဦး၏ အတည်ပေါက် အကြောင်ရိုက်မှုကြောင့် ဒေါပွ၍သူ့ကို ပျစ်ပျစ်နှစ်နှစ် ပြောလိုက်ပြီး–

"ဒီအတိုင်းတော့ သွားမလားကွ"

ပြောပြောဆိုဆိုနှင့် တန်းပေါ်မှ မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာခွက်၊ သွားတိုက်ဆေး၊ သွားပွတ်တံတို့ကိုယူ၍ ရေချိုးကန်ဘက် ဆင်းသည်။

အခန်းဝမှထွက်ခါနီး ပေါ်ဦးက လှမ်းအော်၏။

"အေးဟေ့ . . . မင်း ရေချိုးနှင့်၊ ငါ ဘုန်းကြီးပင့်ထားလိုက်မယ် ဟား . . . ဟား"

•••••

"ဟိုမှာ"

ပေါ်ဦးက လက်ကုတ်လိုက်သဖြင့် ကျွန်တော် ကပျာကယာလိုက်ရှာသည်။

မတွေ့။

"ဘယ်မှာလဲကွ"

"ဟိုမှာလေ"

သူပြသည့်နေရာကို ကျွန်တော် လှမ်းကြည့်သည်။ ခင်လေးကိုမတွေ့။ ဗယာကြော်ကြော်နေသော ကုလားမကြီးတစ်ယောက်သာရှိ၏။

"ဘာလဲကွ"

"ဟိုမှာလေ ဗယာကြော်ကုလားမကြီး။ မနက်စောစော ဗိုက်ဆာလို့ ဝယ်စားရအောင်လို့"

"ဟာကွာ . . . မင်း တော်တော်ရှုပ်တာပဲ၊ ငါဖြင့် အဟုတ်မှတ်လို့ ရင်ထဲ ဒိတ်ခနဲဖြစ်သွားတာပဲ"

ပေါ်ဦးက တဟားဟားရယ်၍ ဗယာကြော်သည်ကြီးဘေးဝင်ထိုင်ကာ ဗယာကြော် တစ်ခုပြီးတစ်ခု ကောက်စား၏။

ထိုစဉ် မန္တလေးဆောင်ဘက် လှမ်းကြည့်နေသော ကျွန်တော့်မျက်လုံးများသည် တစ်စုံတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်၏။

ကားလေး၊ ကားအနီလေး။

"ဟာ . . . လာပြီဟ၊ ငါသွားမယ် ပေါ်ဦး။ မင်း နောက်က လိုက်ခဲ့"

ကျွန်တော်က ပြောပြောဆိုဆို တောင်ငူဆောင် အဝင်တံခါးဝဘက် ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ပေါ်ဦး ဗယာကြော် ပလုတ်ပလောင်းနှင့် ကပျာကယာ ထရပ်ပြီး–

"ဟေ့ကောင် ထွန်းဝေ . . . နေဦး၊ ပိုက်ဆံပေးခဲ့ဦး။ ငါ့မှာ တစ်ပြားမှ ပါမလာဘူးကွ"

ကျွန်တော်က သူ ကိုးရိုးကားရား ဖြစ်နေပုံကို ကြည့်၍ ရယ်ရင်း–

"မနေနိုင်တော့ဘူး၊ တစ်မိနစ်ဆိုတစ်မိနစ် သိသာတယ်။ တော်ကြာ စီနီယာ နောက်ကျသွားမယ်။ ပိုက်ဆံမပါရင် အဲဒီကပဲ စောင့်နေ၊ ငါပြန်လာမှ ရှင်းမယ်"

ပေါ်ဦးဆီမှ ဆဲသံတစ်သံ ကြားလိုက်ရသည်။

သူ ဘာပြောပြော ကျွန်တော် စိတ်မဝင်စားတော့။ ကျွန်တော့်စိတ်သည် မန္တလေးဆောင် ဆင်ဝင်အောက်သို့ ရောက်သွားနှင့်ပြီ။ ဆင်ဝင်အောက် အုတ်ခုံတွင် ထိုင်နေသော ခင်လေးကို လှမ်းမြင်လိုက်ရသည်။

ရင်ထဲမှာ အေးခနဲ ဖြစ်သွား၏။

လှလိုက်တဲ့ ခင်လေး . . . လေ။

အဝါရောင်လုံချည်၊ အဝါရောင်ဆွယ်တာလေး ဝတ်ထား၍ အုတ်ခုံပေါ်တွင် ခြေထောက်နှစ်ချောင်း ချိတ်ထိုင်နေသော ခင်လေးသည် နှင်းမှုန်မှုန်အောက်တွင် ကံ့ကော်ပွင့်လေးလို လှနေ၏။

သူ့အကြည့်က မန္တလေးဆောင် အဝင်ဝဘက် လှည့်နေသဖြင့် ကျွန်တော့်ကို မြင်ဟန်မတူ။ ထို့ကြောင့် ဘေးတိုက်မြင်နေရသော သူ့ကို မျက်တောင်မခတ်ကျေနပ်အောင် ကြည့်ခွင့်ရသည်။

တစ်လနီးပါး မမြင်ခဲ့ရသော ခင်လေးသည် ခါတိုင်း ခင်လေးထက်ပင် ပိုလှနေ၏။

ကျွန်တော့်ခြေလှမ်းများကို နှေးပစ်လိုက်သည်။ မျက်စိရှေ့ရောက်နေပြီဖြစ်သဖြင့် မြင်နေရသော အလှရှုခင်းလေးကို တယုတယ ကြည့်လိုသေးသည်။ ဖြစ်နိုင်လျှင် သည်အတိုင်း ထိုင်နေသော ခင်လေးကို ကျွန်တော့် စာကြည့်စားပွဲပေါ်တွင် တစ်သက်လုံး တင်ပြီး ကြည့်နေချင်သည်။

ကျွန်တော်ရောက်သွားသဖြင့် သည်ရှုခင်းလေး လှုပ်ရှားသွားမည်ကို တတိယကမ္ဘာစစ်ဖြစ်မည်ထက် ပို၍စိုးရိမ်သွား၏။

ပေါ်ဦးပြောသလို ခုချိန် တစ်မိနစ်လောက် နောက်ကျသွားမည်ကို စိတ်မပူတော့။ မန္တလေးဆောင်ရှေ့တွင် ကျွန်တော်တို့နှစ်ယောက်မှအပ တခြားလူများ မရှိသေး။

ခြေသံကြားသဖြင့် တူ၏။ ခင်လေး ဖျတ်ခနဲ ကျွန်တော့်ဘက်လှည့်သည်။

"ဟယ် . . ."

ခင်လေး မျက်နှာပေါ်တွင် အံ့ဩခြင်းနှင့် ဝမ်းသာခြင်းကို တစ်ပြိုင်တည်းတွေ့သည်။ နှုတ်ခမ်းများက ပြုံးသည်။ ပါးချိုင့်ခွက်လေး ထင်းသည်။ မျက်လုံးများ ဝိုင်း၍ မျက်ခုံးများကို ပင့်သည်။

ကျွန်တော် သူ့ကို အားပါးတရ ပြုံးပြ၍ –

"ခင်လေး တစ်ယောက်တည်းလား"

သူက နှုတ်ခမ်းကိုစေ့လျက်ပင် ပြုံးရင်း ခေါင်းညိတ်၏။ ပြီးမှနှုတ်ခမ်းများ လှုပ်ရှားသည်။

"ကျောင်းကို စောစောရောက်ချင်တာနဲ့ အိမ်က စောထွက်လာတာ။ ဒီကျတော့ ဘယ်သူမှ မရောက်သေးလို့၊ မဖြူကလည်း စောစောလာမယ်ဆိုပြီး"

ကျွန်တော်က ကျောင်းအဝင် ခြသေ့ံတံခါးဘက်သို့ လှမ်းကြည့်လိုက်သည်။ ဝင်လာသော ကျောင်းသူ တစ်ယောက်၊ နှစ်ယောက်ထဲတွင် မဖြူ မပါ။

"ခင်လေး ပျင်းနေရင် ကျွန်တော်နဲ့ လမ်းလျှောက်ရအောင်။ ကျောင်းချိန်လိုသေးသားပဲ၊ မိန်းဘက် လမ်းလျှောက်ရင်း စကားပြောတာပေ့ါ"

ခင်လေးက ကျွန်တော့်ကို တစ်ချက်ကြည့်ရင်း –

"သွားလေ ကောင်းသားပဲ"

နှစ်ယောက်သား မန္တလေးဆောင်တံခါးမှထွက်၍ အဓိပတိလမ်းအတိုင်း လျှောက်လာကြသည်။

အဓိပတိလမ်းမသည် နှင်းထဲတွင် ဝေဝေဝါးဝါး ဖြစ်နေ၏။ ကျွန်တော်တို့သည် ရေတမာပင်များ မိုးထားသော ဘေးတစ်ဖက်သို့ ကူး၍ ကျောက်ပြားခင်းလမ်းလေးအတိုင်း လျှောက်လာကြသည်။

အတော်လေးလှမ်းမိမှ ခင်လေးက စကားစသည်။

"ကိုထွန်းဝေ၊ ရွာမှာ အတော်ပျော်ရဲ့လား"

"ဟင့်အင်း"

"ဘာဖြစ်လို့"

လက်ပိုက်၍ လမ်းလျှောက်နေသော ခင်လေးဘက် တစ်ချက်ကြည့်၍ –

"ကျောင်းကို လွမ်းလို့"

"အမယ် . . ."

ခင်လေးက ပြုံးစိစိဖြင့် သမင်လည်ပြန်ကြည့်သည်။

"အဟုတ်ပြောတာ၊ ရွာရောက်ကတည်းက ကျောင်းပြန်ဖွင့်မယ့်ရက်ကို မျှော်နေတာ"

"ကေန္တတော့ ကိုထွန်းဝေ ကျောင်းမှာ လွမ်းစရာ ရှိပြီနဲ့တူတယ်"

ကျွန်တော် ပြုံးသည်။ ပြီးတော့မှ ရှေ့တည့်တည့် ကြည့်ရင်း–

"ရှိတာပေ့ါ၊ ကျောင်းကြီးကိုလည်း လွမ်းတယ်၊ သူငယ်ချင်းတွေကိုလည်း လွမ်းတယ်၊ ကံ့ကော်ပင်တွေကိုလည်း လွမ်းတယ်"

" ပြီးတော့ကော...

"အင်း . . . ခင်လေးတို့ကိုလည်း လွမ်းတာပဲပေ့ါ"

"အမယ် . . . ခင်လေးတို့က စောစောက သူငယ်ချင်းတွေထဲမှာ ပါပြီးသွားပြီလေ"

"ဒါဖြင့်ရင် ကုန်ပြီပေ့ါ"

ခင်လေးက ရယ်ပြန်သည်။

"မဟုတ်သေးပါဘူး၊ ရှိဦးမှာပါ"

"မရှိတော့ပါဘူး ခင်လေးရယ်၊ တကယ်ပါ"

"အင်းလေ . . . ခုတော့လည်း ယုံရတာပေ့ါ"

ကျွန်တော် ရယ်နေလိုက်သည်၊ ဘာမှ ထပ်မပြောတော့။ စစ်ကိုင်းဆောင်အလွန် စစ်ကိုင်းလမ်းကို ဖြတ်ပြီးသောအခါ ကံ့ကော်တောရှေ့ရောက်လာသည်။

"အဲဒီနေရာက လှတယ်နော်"

ခင်လေးက ကံ့ကော်တောကိုညွှန်၍ ပြောလိုက်သည်။

"အဲဒါက ကံ့ကော်တောပေ့ါ ခင်လေး၊ ချစ်သူတွေဆိုရင် ကံ့ကော်တောဟာ အချစ်သင်္ကေတလေး တစ်ခုပေ့ါ"

"ကိုထွန်းဝေအတွက်ကကော"

"ကျွန်တော့်အတွက်ကတော့ လောလောဆယ် ဘာမှအဓိပ္ပာယ်မရှိသေးပါဘူး။ လှရုံသက်သက်မှာပဲ ရှိပါသေးတယ်"

"အင်းလေ . . . ခုတော့လည်း ယုံရတာပေ့ါ"

ခင်လေးသည် စောစောက စကားကို နှစ်ခါထပ်ပြော၏။

(ဆက်လက်ဖော်ပြပါမည်)

**"တစ်လနီးပါး မမြင်ခဲ့ရသော ခင်လေးသည် ခါတိုင်း ခင်လေးထက်ပင် ပိုလှနေ၏။ ကျွန်တော့်ခြေလှမ်းများကို နှေးပစ်လိုက်သည်။ မျက်စိရှေ့ရောက်နေပြီဖြစ်သဖြင့် မြင်နေရသော အလှရှုခင်းလေးကို တယုတယကြည့်လိုသေးသည်။ ဖြစ်နိုင်လျှင် သည်အတိုင်းထိုင်နေသော ခင်လေးကို ကျွန်တော့် စာကြည့်စားပွဲပေါ်တွင် တစ်သက်လုံးတင်ပြီး ကြည့်နေချင်သည်။ ကျွန်တော်ရောက်သွားသဖြင့် သည်ရှုခင်းလေး လှုပ်ရှားသွားမည်ကို တတိယကမ္ဘာစစ်ဖြစ်မည်ထက် ပို၍စိုးရိမ်သွား၏"**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပထမဆုရရှိသော ညောင်လေးပင်ခရိုင်ကိုယ်စားပြု အသက် ၂၀ နှင့်အောက် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်

ညောင်လေးပင် သြဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၀ နှင့်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ညောင်လေးပင်ခရိုင်ကိုယ်စားပြု အသက် ၂၀ နှင့်အောက် အမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဂုဏ်ပြုအမှာစကားပြောကြားကာ ညောင်လေးပင်ခရိုင် ကိုယ်စားပြု အသက် ၂၀ နှင့်အောက် အမျိုးသမီး ဘောလုံးအသင်းဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# ပခုက္ကူမြို့နယ်၌ ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားဆောင်ရွက်

ပခုက္ကူ သြဂုတ် ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦး၏လမ်းညွှန်ကြီးကြပ်မှုဖြင့် မြို့နယ်မိခင်ကလေး ဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ခိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဆရာမကြီး ဒေါ်မြမြသက်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ နို့တိုက်မိခင်များအား နည်းစနစ်မှန်ကန်စွာနို့တိုက်ကျွေးနိုင်ရေး ရှင်းလင်းပြသပေးခြင်း၊ အသက်ငါးနှစ်အောက် ကလေးငယ်များအား သံချဆေး၊ ဗီတာမင်အေနှင့် အဏုအာဟာရမှုန့်တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးစေရေးနှင့် ကျန်းမာရေးဆိုင်ရာလိုက်နာရမည့် ဆောင်ရန်ရှောင်ရန် အချက်များ၊ ရင်သွေးငယ်များ အာဟာရဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းစွာ ကြီးပြင်းလာစေရေး အသိပညာပေး ရှင်းလင်းဟောပြောကြသည်။




ပခုက္ကူမြို့နယ်၌အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို သြဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင် ၁၂၀၊ နို့တိုက်မိခင် ၂၀၀ ကျော်နှင့် ကလေးငယ် ၃၀၀ ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးမြေပဲ ၇၂၄၃ ဧကစိုက်ပျိုးနိုင်ခဲ့

ကျွန်းလှ သြဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၇၂၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဆီထွက်သီးနှံစိုက်ပျိုးတဲ့တောင်သူတွေကို ဒေသရာသီဥတုနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပညာပေးကွင်းသရုပ်ပြပွဲနဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းတွေ ဖွင့်လှစ်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ်က မိုးမြေပဲ ၇၂၃၅ ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကပျမ်းမျှ ၄၃ ဒသမ ၅၀ တင်းထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် မိုးမြေပဲစိုက်ပျိုးရန် ၇၂၂၃ ဧက လျာထားပြီး ၇၂၄၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနစာရင်းများအရ သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော့။

# ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ပေါင် သြဂုတ် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ(အထက) ရင်ငြိမ်ကျောင်းတွင် ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လဝက ဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား ကျောင်းသား ကျောင်းသူ ၈၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)




## အကြင်လင်မယားအဖြစ်မှ စွန့်လွှတ်ကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီးသန့်ဝင်းနေ **ဦးကျော်တင်ဝင်း (၁၁/မဥန (နိုင်) ၀၅၅၈၃၀)**ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်တင်ဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်ခင်အေးလွင် (၁၂/တမန(နိုင်)၁၀၉၃၈၂) တို့သည် (၂၂-၁၂-၂၀၀၆)ခုနှစ်တွင်တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး၊ သမီးဖြစ်သူ မခင်သူသူကျော် အသက်(၈-နှစ်)ကိုမွေးဖွားထွန်းကားခဲ့ပါသည်။ ယခုအခါတွင် ဇနီးဖြစ်သူ ဒေါ်ခင်အေးလွင်သည် ကျွန်ုပ်မိတ်ဆွေ၏သဘောတူညီမှုမရှိဘဲ (၂၀၁၉)ခုနှစ်ကတည်းက စွန့်လွှတ်ထွက်ခွာသွားခဲ့ရာ ယနေ့တိုင်ကျွန်ုပ်မိတ်ဆွေဘက်မှ အကြိမ်ကြိမ်ဆက်သွယ်ခေါ်ယူခဲ့သော်လည်း ရောက်ရှိလာခြင်းမရှိသည့်အတွက် အကြင်လင်မယားအဖြစ်မှအပြီးတိုင်စွန့်လွှတ်ကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေနှင့်ဒေါ်ခင်အေးလွင်တို့သည် တစ်ဦးနှင့်တစ်ဦးမည်သို့မျှပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**

တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)

အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

